# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်၊ သောကြာနေ့။ Friday, 4 August 2023 ၁၁၁၇၇


## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပခုက္ကူခရိုင်တွင် မိုးစပါးနှင့် အခြားသီးနှံစိုက် ဧက ၁၁၀၀၀ ကျော်အား လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၁၄ ခုဖြင့် ရေပေးဝေလျက်ရှိ

ပခုက္ကူ ဩဂုတ် ၃

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်တွင် ယခုနှစ်မိုးရာသီကာလအတွင်း စိုက်ပျိုးထားသည့် မိုးစပါးနှင့် အခြားသီးနှံစိုက် ဧကပေါင်း ၁၁၀၀၀ ကျော် တို့အား လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၁၄ ခုဖြင့် စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

ယခုနှစ်မိုးရာသီကာလအတွင်း မိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးလုပ်ကိုင်ကြသည့် တောင်သူများကို စိုက်ပျိုးရေလိုအပ်ချက်မရှိစေရေးနှင့် စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးတို့အတွက် စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများအနေဖြင့် ပခုက္ကူမြို့နယ်တွင် ရွှေတန့်တစ်ကြီးရွာ၊ ကုက္ကိုလှ၊ နီးပို့ စသည့် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း လေးခု၊ ရေစကြိုမြို့နယ်တွင် မင်းရွာ၊ မအူအောက်ဆိပ်၊ ဝါယာစည်(ဝါယာသာစည်တိုးချဲ့)၊ ရွှေချောင်း၊ သမန္တပို၊ ချစ်သူ၊ သင့်သည် စသည့် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ခုနစ်ခု၊ ပေါက်မြို့နယ်တွင် ရေပြာ၊ စံဖဲ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း နှစ်ခု၊ ဆိပ်ဖြူမြို့နယ်တွင် ဆိပ်ဖြူအောက်ဆိပ်လျှပ်စစ်မြစ်ရေတင်လုပ်ငန်း တစ်ခု စုစုပေါင်း လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၁၄ ခုဖြင့် မိုးစပါးနှင့် အခြားစိုက်ပျိုးသီးနှံဧကပေါင်း ၁၁၀၀၀ကျော်တို့အား ရေပြတ်လပ်မှုမရှိစေရေး ရေပေးဝေလျက်ရှိကြောင်း ပခုက္ကူခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ခရိုင်(ပြန်/ဆက်)



## ယနေ့ ဖတ်စရာ


ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်း
စာမျက်နှာ » ၃

ကောလာဟလအန္တရာယ် တားဆီးကာကွယ်
ဆောင်းပါး စာမျက်နှာ » ၆



သံမဏိလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ အခန်းကဏ္ဍ
ဆောင်းပါး စာမျက်နှာ » ၁၀

ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး(၂/၂၀၂၃) ကျင်းပ
စာမျက်နှာ » ၅

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း (၁၇၉)ဖွဲ့ နိုင်ငံတစ်ဝန်း အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ
စာမျက်နှာ » ၈

ဗန်းမော်ဆရာတော်ကြီး၏ အထိမ်းအမှတ်ပြတိုက် ထားရှိဖွင့်လှစ်သွားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ
စာမျက်နှာ » ၁၄


## အရန်ဆန်များ ဈေးကွက်အတွင်း ထုတ်ရောင်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၃

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ စီစဉ်စုဆောင်းထားသော အရန်ဆန်များအား ဈေးကွက်ပေါက်ဈေးအောက်တွင် သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ထုတ်ရောင်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၂ ရက်တွင် လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အထွေထွေအတွင်းရေးမှူး အပါအဝင် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ အသင်းချုပ်၏ ဆန်ပြည်ပတင်ပို့မှု ဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ပြည်ပဆန်တင်ပို့နေသည့် Exporter ကုမ္ပဏီကြီးများ တက်ရောက်ကြသည်။


စာမျက်နှာ ၄ ကော်လံ ၅ သို့ ❒

ကြေးမုံ

# အများပြည်သူအကျိုးစီးပွား ဈေးနှုန်းတည်ငြိမ်ရေးအလေးထား

မြန်မာနိုင်ငံတွင် အခြေခံစားသောက်ကုန်ပစ္စည်းများအပါအဝင် အများပြည်သူ စားဝတ်နေရေးလိုအပ်ချက်အားလုံးတို့နှင့်ပတ်သက်သည့် ကုန်ပစ္စည်းဈေးနှုန်းများ တစ်နေ့တခြားမြင့်မားနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများ စားဝတ်နေရေးပြေလည်မှုကို ရှေးရှုလျက် အခြေခံစားသောက်ကုန်ဈေးနှုန်းများ အပါအဝင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို ထိန်းသိမ်းဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၃ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။

ကော်မတီသည် အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ စသည့်မီးဖိုချောင်သုံးပစ္စည်းများ ဈေးနှုန်းတည်ငြိမ်ရေးကို ဦးစားပေးဆောင်ရွက်ရန်၊ အခြေခံစားကုန်ပစ္စည်းတစ်မျိုးစီ၏ ပြည်တွင်းစားသုံးရန်လိုအပ်ချက်နှင့် ပြည်တွင်းထုတ်လုပ်နိုင်မှုပမာဏတို့ကို ချိန်ဆ၍ ညီညွတ်မျှတစေရေး စိစစ်ဆောင်ရွက်ရန်၊ ဒေသများအလိုက် ကုန်ဈေးနှုန်းများတည်ငြိမ်စေရန် လိုအပ်သောပေါင်းစပ်ညှိနှိုင်းမှုများအတွက် အဖွဲ့အစည်းများ ဖွဲ့စည်းတာဝန်ပေးရန်နှင့် ကုန်ပစ္စည်းများထွက်ရှိရာဒေသများမှ စားသုံးသည့်ဒေသများသို့ သယ်ဆောင်ရာတွင် သယ်ယူစရိတ်ကြီးမြင့်ခြင်း၊ ကြားအဆင့်များပြားခြင်း၊ သယ်ယူရာတွင် လမ်းခရီး၌ မလိုအပ်ဘဲ ထိန်းချုပ်ခြင်းများ မဖြစ်ပေါ်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်သည်။

ထို့အပြင် ကုန်စည်စီးဆင်းမှု မှန်ကန်စေရေးနှင့် လုံလောက်စွာဝင်ရောက်ရေး၊ အဝင်အထွက် မှန်ကန်ရေးတို့ကို ညှိနှိုင်းပေါင်းစပ်ပေးရန်၊ အခြေခံစားသောက်ကုန်ပစ္စည်းများထုတ်လုပ်မှု တိုးချဲ့နိုင်ရေးအတွက် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ညှိနှိုင်းဖြည့်ဆည်းပေးရန်နှင့် အခြေခံစားကုန်ပစ္စည်းများကို ကုန်ဈေးနှုန်းတည်ငြိမ်မှုပျက်ပြားစေမည့်ကိစ္စအရပ်ရပ်တို့ကို ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရန်၊ လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍတို့၌ ထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရေးအတွက် လိုအပ်သည့်ပံ့ပိုးမှုများပေးခြင်း၊ တစ်နိုင်စိုက်ပျိုးမွေးမြူရေးတို့ကို အားပေးခြင်း စသည့်နည်းလမ်းများဖြင့် ဆွဲဆောင်မှုပေးရန်နှင့် ဒေသအလိုက်အစိုးရအဖွဲ့များက ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားလာအောင် နည်းလမ်းရှာပြီး အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်အချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေသည်ဖြစ်သော်လည်း အများပြည်သူ အကျိုးစီးပွား လိုအပ်ချက်အရ အခြေခံကျသည့် လက်ငင်းဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် အစိုးရက ပါဝင်ကူညီထိန်းညှိဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ်ဖြစ်သည်။ လုပ်ငန်းစဉ်တွင် အခြေခံစားသောက်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ဦးစားပေးဆောင်ရွက်မည်ဖြစ်ပြီး ကုန်ဈေးနှုန်းတည်ငြိမ်မှုပျက်ပြားစေမည့်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်သွားမည်ဟူသောအချက်နှင့် သဘာဝဘေးအန္တရာယ်ကြောင့် အခြေခံစားသောက်ကုန်နှင့် ဆေးဝါးများ ဈေးနှုန်းမြင့်တက်ခြင်း၊ ဈေးကစားခြင်းနှင့် ဈေးကွက်အတွင်းပစ္စည်းများ ပြတ်လပ်မှုမဖြစ်ပေါ်စေရေး ကြိုတင်စီမံဆောင်ရွက်ထားရန်အချက်များမှာ အရေးကြီးသည့်အဓိကအချက်များဖြစ်သည်။

လက်ရှိကာလတွင် ကုန်စည်ဈေးနှုန်းများမှာ အရှိန်အဟုန်ဖြင့် မြင့်မားလျက်ရှိရာ အမြင့်ဆုံးအခြေအနေသို့ ရောက်နေပြီဟု ဆိုရမည်ဖြစ်သည်။ အခြေခံစားသောက်ကုန်ပစ္စည်းများသာမက လူသုံးကုန်ပစ္စည်းအသေးအမွှားမှ စက်သုံးဆီ၊ ရွှေ နိုင်ငံခြားငွေများနှင့် အိမ်ခြံမြေ၊ တိုက်တာအဆောက်အအုံ၊ မော်တော်ယာဉ်အဆုံး တန်ဖိုးမြင့်ပစ္စည်းအားလုံး အမြင့်ဆုံးဈေးနှုန်းသို့ရောက်ရှိနေသည်။ လူမှုစီးပွားဘဝတွင် အရာအားလုံးတို့သည် အကြောင်းအကျိုး ဆက်စပ်ဖြစ်ပေါ်နေသည်။ မြစ်ရေစီးကြောင်းကဲ့သို့ အရာအားလုံးတို့သည် လိုက်ပါစီးမျောကြသည်။ ကုန်စည်ပစ္စည်းများသည် ဖြစ်သင့်ဖြစ်ထိုက်သောဈေးနှုန်းများဖြစ်ပေါ်ခြင်းမှာ အကြောင်းဖြစ်သော်လည်း အကြောင်းမရှိ မဖြစ်သင့်မဖြစ်ထိုက်သော ဈေးနှုန်းမြှင့်တင်ခြင်း၊ ဈေးကစားခြင်း၊ ဈေးကွက်များတွင် ပစ္စည်းများပြတ်လပ်အောင်ဖြစ်ပေါ်နေမှုများကို ဆင်ခြင်သတိထားဆောင်ရွက်ကြရမည်ဖြစ်သည်။

ဈေးနှုန်းအရပ်ရပ် မြင့်တက်လာခြင်းသည် အခြေခံကျသည့် စက်သုံးဆီ၊ ရွှေ ငွေကြေးတို့ကို အကြောင်းခံသော်လည်း မတော်လောဘများဖြင့် အရပ်ရပ်ဆိုင်ရာတို့တွင် ဈေးကစားခြင်း၊ ဈေးမြှင့်တင်ခြင်းတို့မှာ မဖြစ်သင့်ပေ။ သဘာဝကျသည့် တန်ဖိုးဖြတ်ကိန်းဂဏန်းသတ်မှတ်ချက်များနှင့် ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများကို သမ္မာအာဇီဝစိတ်ထားဖြင့် ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ကြခြင်းအားဖြင့် အများပြည်သူအကျိုးစီးပွားကို ကြီးကြီးမားမားမထိခိုက်စေဘဲ လျော်ကန်သင့်မြတ်သောလူမှုစီးပွားဘဝများကို ဆောင်ကြဉ်းပေးနိုင်ကြစေရန် အဓိကလိုအပ်မည်ဖြစ်ပါကြောင်း။ ။

## (၁၂)ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ

**The 12th Traditional Medicine Research Congress**

**၂၀၂၃ ခုနှစ် ၊ ဩဂုတ်လ (၇-၈) ရက်**

**တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး**

## တိုက်ကြီးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

တိုက်ကြီး ဩဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် တာဂွကျေးရွာအုပ်စု တာဂွကျေးရွာနှင့် သနပ်ချောင်းကျေးရွာအုပ်စု ခြောက်အိမ်တန်းကျေးရွာတို့အား မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။




**ရှင်းလင်းပြောကြား**

ရန်ပုံငွေလွှဲပြောင်းပွဲ အခမ်းအနားတွင် တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက အမှာစကားပြောကြားပြီး တိုက်ကြီးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှဲ့လှဲ့မွန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာရွှေက တာဂွကျေးရွာအုပ်စု တာဂွကျေးရွာနှင့် သနပ်ချောင်းကျေးရွာအုပ်စု ခြောက်အိမ်တန်းကျေးရွာတို့ရှိ ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့များထံသို့ ရန်ပုံငွေကျပ်သိန်း ၃၀၀ စီကို စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၃-၈-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၅၀၀ | ၇၀၁ | ၅,၉၄၄,၂၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၅၀ | ၁၂,၂၉၈ | ၃၅,၇၃၂,၀၅၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၂၉၆ | ၂,၁၆၀,၈၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၂,၉၇၀ | ၄,၆၀၃,၅၀၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၀ | ၀ |
| EFR | ၂,၃၀၀ | ၂,၃၀၀ | ၈၁၀ | ၁,၈၆၃,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၀ | ၄၉,၀၀၀ |
| MAEX | ၁,၉၀၀ | ၁,၉၀၀ | ၅,၆၀၀ | ၁၀,၆၄၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆၁ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

**ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၁၂) ရပ်ကို ပိုမိုမြန်ဆန်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရန်အလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ပြည်ထောင်စုအစိုးရအဖွဲ့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | နိုင်ငံတော်ဝန်ကြီးချုပ် | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် |
| (၂) | ဒုတိယဝန်ကြီးချုပ် | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း |
| (၃) | ဒုတိယဝန်ကြီးချုပ်နှင့်<br>ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်ကြီး တင်အောင်စန်း |
| (၄) | ဒုတိယဝန်ကြီးချုပ်နှင့်<br>ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး<br>ဝန်ကြီးဌာန | ဗိုလ်ချုပ်ကြီး မြထွန်းဦး |
| (၅) | ဒုတိယဝန်ကြီးချုပ်နှင့်<br>ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဝင်းရှိန် |
| (၆) | ဒုတိယဝန်ကြီးချုပ်နှင့်<br>ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဦးသန်းဆွေ |
| (၇) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် |
| (၈) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) | ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် |
| (၉) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) | ဦးကိုကိုလှိုင် |
| (၁၀) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် |
| (၁၁) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား<br>ဆက်သွယ်ရေးဝန်ကြီးဌာန | ဒေါက်တာ ကံဇော် |
| (၁၂) | ပြည်ထောင်စုဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | ဒေါက်တာ သီတာဦး |
| (၁၃) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဦးမောင်မောင်အုန်း |
| (၁၄) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဦးတင်ဦးလွင် |
| (၁၅) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ဦးမင်းနောင် |
| (၁၆) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး<br>ဝန်ကြီးဌာန | ဦးလှမိုး |
| (၁၇) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | ဦးခင်မောင်ရီ |
| (၁၈) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဦးညဏ်ထွန်း |
| (၁၉) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | ဦးကိုကိုလွင် |
| (၂၀) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဒေါက်တာ ချာလီသန်း |
| (၂၁) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား<br>ဝန်ကြီးဌာန | ဦးမြင့်ကြိုင် |
| (၂၂) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | ဦးမြင့်နောင် |
| (၂၃) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး<br>ဝန်ကြီးဌာန | ဦးအောင်နိုင်ဦး |
| (၂၄) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒေါက်တာ ညွန့်ဖေ |
| (၂၅) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဒေါက်တာ မျိုးသိန်းကျော် |
| (၂၆) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာ သက်ခိုင်ဝင်း |
| (၂၇) | ပြည်ထောင်စုဝန်ကြီး<br>အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ဦးမင်းသိန်းဇံ |
| (၂၈) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဦးမျိုးသန့် |
| (၂၉) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒေါက်တာ စိုးဝင်း |
| (၃၀) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ဒေါက်တာ သက်သက်ခိုင် |
| (၃၁) | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | Jeng Phang နော်တောင် |
| (၃၂) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ဦးဇော်သန်းသင်း |

(ပုံ)
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြည်ထောင်စုတရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆၂ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

**ပြည်ထောင်စုတရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးသာဌေး အား ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆၃ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးအောင်ဇော်သိန်း အား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ်၊ ၆၄ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

**ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာ ခင်နိုင်ဦး အား ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ်၊ ၆၅ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးအောင်သော် အား ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ်၊ ၆၆ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးစစ်အေး အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ်၊ ၆၇ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးသန်းထွန်းဦး အား နေပြည်တော်ကောင်စီဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ်၊ ၆၈ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးပေါ်လွင်စိန် အား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ်၊ ၆၉ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးခင်လတ် | နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး |
| (၂) | ဦးဗိုလ်ဗိုလ်ကျော် | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၃) | ဦးဖြိုးဇော်စိုး | ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန |

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ်၊ ၇၀ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

**ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာ ထိန်လင်းဦး အား ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၃

မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်။ **မိုး/ဇလ**

❒ **ရှေ့ဖုံးမှ**

အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးမှုအရ သိုလှောင်ထားပြီးသော အရန်ဆန်များကို သက်သာသော ဈေးနှုန်းဖြင့် စက်မှုဇုန်မှ အခြေခံအလုပ်သမား မိသားစုများ၊ ဌာနဆိုင်ရာ လစာနည်းဝန်ထမ်းများအား ရောင်းချပေးခြင်း၊ လုပ်သားပြည်သူများသို့ ဆန်ကုန်စည်ဒိုင်များ၊ စည်ပင်သာယာဈေး အရောင်းဆိုင်များမှတစ်ဆင့် ရောင်းချပေးခြင်း အစီအစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ၂၀၂၃ ခုနှစ် ဇူလိုင် ၂၈ ရက်နေ့က ထုတ်ပြန်ကြေညာထားသော ဆန်အိတ် ၅၀၀၀၀ (Well Milled, Polished & Sortexed) ၂၅%အဆင့် ဧည့်မထဆန်များကို တစ်အိတ်လျှင် ကျပ် ၆၀၀၀၀ နှုန်းထက် မပိုသော ဈေးနှုန်းဖြင့် ကနဦး စတင်ရောင်းချရန် စီစဉ်သွားမည်ဖြစ်ကြောင်း ဆွေးနွေးဆုံးဖြတ်ကြသည်။

**မျိုးမင်းသူရ၊ ဓာတ်ပုံ - မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**




မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ နေပြည်တော်ကောင်စီနယ်မြေ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင်များအား တွေ့ဆုံပွဲနှင့် ပြန်လည်ဖွဲ့စည်းခြင်း အခမ်းအနားကို ဩဂုတ်၂ ရက် နံနက် ၁၀ နာရီက နေပြည်တော် ဇေယျာဝတီလမ်းရှိ မန္တလေးပါရာဒိုက်စားသောက်ဆိုင်၌ ကျင်းပရာ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏ၊ အတွင်းရေးမှူးဦးအောင်မျိုးသန့်၊ ပြန်ကြားရေးမှူး ဦးဟန်သိန်း၊ အမျိုးသမီးရေးရာ အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြသွေး၊ နေပြည်တော်ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမင်းမင်းကျော်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ရာ ဗဟိုဥက္ကဋ္ဌက အမှာစကားပြောကြားစဉ်။ တင်ဝင်းတင်

## သောင်ရင်းမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိ

နေပြည်တော် ဩဂုတ် ၃

ယနေ့ ညနေ ၄ နာရီအချိန် တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ငါးပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။ **မိုး/ဇလ**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဩဂုတ် ၈ ရက်မှ ၁၆ ရက်အထိ အခမဲ့ဖူးမြော်ခွင့်ပြုသွားမည်

**နေပြည်တော် ဩဂုတ် ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများကို ဩဂုတ် ၁ ရက်၊ ဒုတိယဝါဆိုလပြည့်နေ့တွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။



**ထည့်သွင်းတည်ဆောက်ထား**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်ထားရှိပြီး ဘုရားဖူးလာပြည်သူများ အနားယူနိုင်ရန်နှင့် ရုပ်ပွားတော်မြတ်ကြီးအား စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရန် ဂန္ဓကုဋိတိုက်များ၊ သုခမ္မာဇရပ်များ၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးနှင့် ဘုရားဖူးလာမိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများကို တစ်ပါတည်းလေ့လာနာယူကြည်ညိုနိုင်ရေး စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများအသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များထွင်းထု၍ ကျောက်စာရုံစေတီ ၇၂၀ ကိုလည်း ထည့်သွင်းတည်ဆောက်ထားရှိသည်။

ယခုအခါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများ ပြုလုပ်ရာတွင်အသုံးပြုခဲ့သည့် မဏ္ဍပ်တော်များနှင့် အသုံးအဆောင်ပစ္စည်းများကို ပြန်လည်သိမ်းဆည်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဩဂုတ် ၈ ရက်မှစ၍ ၁၆ ရက်အထိ လုံခြုံရေးအရ လိုအပ်သည့်စစ်ဆေးမှုများဆောင်ရွက်ကာ အခမဲ့ဝင်ရောက်ဖူးမြော်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ထားသည်။

**သတင်းစဉ်**

# ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး(၂/၂၀၂၃) ကျင်းပ



**နေပြည်တော် ဩဂုတ် ၃**

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ အစည်းအဝေး(၂/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်မှ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ အောင်မြင်စွာနှင့် လွယ်ကူစွာဖွင့်လှစ်နိုင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းလိုင်စင်များ ခွင့်ပြုပေးရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဗဟိုအဖွဲ့အနေဖြင့် လက်ရှိအချိန်တွင် အထွေထွေရောဂါကုဆေးခန်း ၅၁၂၄ ခု၊ အထူးကုဆေးခန်း ၁၀၀၂ ခု၊ အထွေထွေရောဂါကုဆေးရုံ ၂၇၀ ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများအနေဖြင့် အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန်၊ လူနာများဘေးကင်းလုံခြုံရန်၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ဘေးကင်းလုံခြုံရန်၊ အခြားဘေးအန္တရာယ်လုံခြုံရေးဆိုင်ရာကိစ္စရပ်များ စီစဉ်ထားရှိရန်၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ/နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည့်အချက်အလက်များ ပြည့်စုံစွာဆောင်ရွက်ထားရှိခြင်း ရှိ/မရှိတို့ကို အထူးအလေးထားစိစစ်ရမည်ဖြစ်သကဲ့သို့ တစ်ဖက်မှလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များတွင် ဝန်ထုပ်ဝန်ပိုးမဖြစ်ပေါ်စေရေးနှင့် နှောင့်နှေးမှုမဖြစ်ပေါ်စေရေး သတိပြုရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ဆောင်ရွက်ထားရှိရမည့် ကဏ္ဍပေါင်းစုံအား ပြီးပြည့်စုံရန် ဆောင်ရွက်ထားမှသာ ဗဟိုအဖွဲ့အနေဖြင့် တစ်လအတွင်း လိုင်စင်ကို ခွင့်ပြုပေးနိုင်မည်ဖြစ်ကြောင်း။

**ဥပဒေနှင့်အညီထိန်းကျောင်း**

ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ ပေါ့ဆမှုကြောင့် လူနာများအတွက် ဆိုးကျိုးများမဖြစ်ပေါ်စေရေးအတွက် အလေးထားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများသည် သက်ဆိုင်ရာ ဆေးကောင်စီ/သူနာပြုနှင့်သားဖွားကောင်စီများက အသိအမှတ်ပြု ထုတ်ပေးထားသည့် ဆေးကုသခွင့်လိုင်စင်/သူနာပြု-သားဖွား သက်တမ်းရှိလိုင်စင်ရရှိပြီးသူဖြစ်ရန်၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် ငြိစွန်းထားသူများမဖြစ်ရန်၊ နိုင်ငံခြားသားဆရာဝန်/သူနာပြုအနေဖြင့် အချိန်ပိုင်းဝန်ဆောင်မှုပြုလိုပါက သက်ဆိုင်ရာကောင်စီများက အသိအမှတ်ပြုထုတ်ပေးသော သီးခြားသတ်မှတ် အထူးဆေးကုသခွင့်လိုင်စင်ရှိရန်လိုအပ်ကြောင်း၊ လူနာများ ဘေးကင်းလုံခြုံရေးအတွက် အဆောက်အအုံပိုင်းဆိုင်ရာ တည်ဆောက်မှု အရည်အသွေးပြည့်ဝစေရေး၊ ၂၄ နာရီ ဝန်ဆောင်မှုနှင့် အရေးပေါ်ဝန်ဆောင်မှုပေးနိုင်ရေး၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဓာတ်ခွဲခန်း စသည်တို့သည် အရေးကြီးသော အင်္ဂါရပ်များဖြစ်၍ အဆင့်ဆင့်ကွင်းဆင်းအဖွဲ့များဖြင့် မြေပြင်ကွင်းဆင်းစိစစ်ပြီး လိုအပ်ချက်များပြည့်စုံမှုရှိစေရန် အလေးထားညွှန်ကြားစိစစ်ရမည်ဖြစ်ကြောင်း၊ အသုံးပြုဆေးဝါးများသည် FDA အသိအမှတ်ပြုဖြစ်စေရေးကို တိကျစွာထိန်းကျောင်းလျက်ရှိကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးကဏ္ဍမြှင့်တင်ရန်အတွက် ပုဂ္ဂလိကဆေးရုံများတွင် ကျောက်ကပ်အစားထိုးကုသခြင်းလုပ်ငန်းများ၊ ကျောက်ကပ်သွေးသန့်စင်ခြင်းလုပ်ငန်းများ၊ နှလုံးခွဲစိတ်ကုသမှုနှင့် အဆင့်မြင့်စစ်ဆေးခြင်းလုပ်ငန်းများ၊ ကင်ဆာဓာတ်ကင်ခြင်းနှင့် ဆေးသွင်းခြင်းလုပ်ငန်းများကို ခွင့်ပြုပေးခဲ့ကြောင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းကို ဥပဒေနှင့်အညီ ထိန်းကျောင်းရန်ဖြစ်ကြောင်း၊ ပြင်ပ အကူသူနာပြုသင်တန်းကျောင်းများ၊ ဆေးဝါးကျွမ်းကျင်သင်တန်းကျောင်းများ ဖွင့်လှစ်နေခြင်းကို ထိန်းကျောင်းရန်အတွက် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ ဥပဒေနှင့်အညီ တိုးတက်ဖွံ့ဖြိုးစေရန်အတွက် ဝိုင်းဝန်းဆွေးနွေးပေးကြရန်နှင့် ကောင်းမွန်သော အကြံပြုချက်များပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုအဖွဲ့အတွင်းရေးမှူး ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးက ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းမှု၊ အတည်ပြုမှတ်တမ်း ဆောင်ရွက်ထားရှိမှု၊ အထူးကိစ္စရပ်များကို လည်းကောင်း၊ ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးခိုင်က ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင်(အသစ်) လျှောက်ထားလာသည့်ကိစ္စရပ်များကိုလည်းကောင်း၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းကော်မတီအတွင်းရေးမှူး ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ပုဂ္ဂလိကကျန်းမာရေး) ဒေါက်တာခင်ခင်ကြီးက ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းကော်မတီက ခွင့်ပြုပြီးလုပ်ငန်းများ အတည်ပြုမှတ်တမ်းတင်ရန်နှင့် အမည်ပြောင်းလျှောက်ထားလာခြင်းကို လည်းကောင်း ဆွေးနွေးကြကာ တက်ရောက်လာသည့် ဗဟိုအဖွဲ့ အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၄၇၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၃-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၈-၂၀၂၃)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃-၈-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၄၇၃)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၂)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၄၁,၃၁၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၁,၀၇၆)ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက် ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း(၆၁၉,၈၇၀)ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း(၁၉,၄၉၄)ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ကောလာဟလအန္တရာယ် တားဆီးကာကွယ်

ခင်သန်းမြင့်

"တီတီရေ၊ ပုဂ္ဂလိကဘဏ်မှာထည့်ထားတဲ့ သမီးတို့ပိုက်ဆံလေးတွေ အစိုးရဘဏ်ကို ပြောင်းထည့်ဖို့ လိုမလားမသိဘူး"

နိုင်ငံတော်က ယခုထုတ်ဝေလိုက်သည့် ကျပ်နှစ်သောင်းတန် ငွေစက္ကူကိစ္စနှင့်ပတ်သက်ပြီး အခြေအမြစ်မရှိ ထွက်ပေါ်လာသည့် ကောလာဟလ သတင်းအချို့ကြောင့် တူမလေးက စိုးရိမ်ကြောင့်ကြစိတ်ဖြင့် ကျွန်မကိုဖုန်းဆက်၍ ဆွေးနွေးတိုင်ပင်လာသည်။

သူတို့က သတင်းစာလည်းမဖတ်၊ မြန်မာ့ရုပ်မြင်သံကြားသတင်းလည်းမကြည့်၊ တစ်နေ့တစ်နေ့ ဖုန်းနှင့်မျက်နှာမခွာတမ်း လူမှုကွန်ရက်စာမျက်နှာ သက်သက်သာကြည့်ရင်း အချိန်ကုန်နေသူများ ဖြစ်သည်။

"ဟဲ့၊ မနေ့တစ်နေ့ကလေးတင် သက်ဆိုင်ရာက သတင်းစာရှင်းလင်းပွဲတွေ၊ အင်တာဗျူးတွေ၊ သတင်းထုတ်ပြန်ချက်တွေ ဆက်တိုက်ထုတ်ပြန်ပေးနေတယ်လေ။ ကျပ်နှစ်သောင်းတန်အသစ်က အထိမ်းအမှတ်အနေနဲ့ အကန့်အသတ်နဲ့ ထုတ်ဝေတာဖြစ်တဲ့အတွက် ငွေကြေးဖောင်းပွမှုမရှိနိုင်ဘူး၊ မဖြစ်နိုင်ဘူး။ နောက်ပြီး လက်ရှိ တရားဝင်အသုံးပြုနေတဲ့ ငွေကြေးတွေကိုလည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားမဝင်ငွေကြေးအဖြစ် ဘယ်တော့မှသတ်မှတ်မှာမဟုတ်ဘူး။ အာမခံချက်ပေးပါတယ်ဆိုပြီး ပြောနေတယ်လေ"

"သိပါဘူး၊ သမီးတို့က ဟိုလူပြော၊ ဒီလူပြော၊ ဟိုရေး၊ ဒီရေးတွေဖတ်ပြီး လန့်လာလို့ ရှိစုမဲ့စုပိုက်ဆံလေးတွေကို ပုဂ္ဂလိကဘဏ်ကနေ အစိုးရဘဏ်ပြောင်းထည့်ထားမလားလို့ပါ"

"ဒါဆိုလည်း ဇူလိုင် ၂၅၊ ၂၆ ရက်နေ့ထုတ် အစိုးရသတင်းစာတွေသာ ရှာဖတ်ကြည့်ပြီး စဉ်းစားဆုံးဖြတ်ပေတော့။ ညည်းကို တစ်ဆက်တည်းပြောရဦးမယ်၊ ဆန်တွေ၊ ဆီတွေလည်း မလိုဘဲဝယ်စုမနေနဲ့ဦး။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဆန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် အရန်ဆန်ထဲက ကနဦး အိတ်ငါးသောင်းကို ဈေးကွက်ထဲ အမြန်ဆုံး ထည့်သွင်းရောင်းချသွားမယ်၊ လိုအပ်ရင် ထပ်မံတိုးမြှင့်ရောင်းချသွားမယ်။ သတင်းမှားတွေ၊ ကောလာဟလတွေကြောင့် စားသုံးသူတွေ စိုးရိမ်တကြီးနဲ့ ဆန်တွေဝယ်ယူစုဆောင်းခြင်း၊ စိုးရိမ်ပူပန်ခြင်းမဖြစ်ဖို့၊ လိုအပ်မှသာ ဝယ်ယူဖို့ ပြီးခဲ့တဲ့ ဇူလိုင်လ ၂၈ ရက်နေ့က သတင်းထုတ်ပြန်ကြေညာထားတယ်နော်။"

## ကောလာဟလသည် ပိုမိုပျံ့နှံ့လေ့ရှိ

ကောလာဟလ၊ မြန်မာပြည်တွင် ထူးခြားဖြစ်စဉ်တစ်ခု ပေါ်ပေါက်လာလျှင် မယမာသူများ၊ ဝိသမလောဘသားများသည် ကောလာဟလကို အသုံးပြု၍ အိမ်ခြံမြေဈေးကွက်၊ ကားဈေးကွက်၊ ရွှေဈေးကွက်၊ ဒေါ်လာဈေးကွက်မှအစ ကုန်ဈေးနှုန်းအထိ လှုပ်လှုပ်နှင့် တက်ရိပ်ပြဖို့ ကြံစည်လုပ်ဆောင်လေ့ရှိသည်မှာ ခေတ်အဆက်ဆက် ထူးဆန်းသည့်ကိစ္စတစ်ခုတော့မဟုတ်ပါချေ။

သို့သော် ယုံတတ်သူများကလည်း ယုံလေ့ရှိကြသည်။ အထူးသဖြင့် အကြားအမြင် ဗဟုသုတနှင့် ဆင်ခြင်တုံတရားနည်းပါးသူများ၊ ရိုးသားသူများက ပို၍အယုံလွယ်ကြသည်။ ကောလာဟလတစ်မျိုးစီတွင် သူ့ပရိသတ်နှင့်သူ ရှိစမြဲပင်။ ကုန်သည်ပွဲစားများကြားတွင်လည်းကောင်း၊ ကျောင်းသားလူငယ်များကြားတွင်လည်းကောင်း၊ စာပေ၊ ရုပ်ရှင်၊ ဂီတ စသည့်အနုပညာရှင်များကြားတွင်လည်းကောင်း၊ ဆေးဘက်ဆိုင်ရာ၊ ဝန်ထမ်းလောကစသည်ဖြင့် နယ်ပယ်အလိုက် သူ့ပရိသတ်နှင့်သူ ရှိကြသည်။ စိတ်ဝင်စားမှု မြင့်မားသည်နှင့်အမျှ ကောလာဟလသည် ပိုမိုပျံ့နှံ့လေ့ရှိသည်။

ကောလာဟလ သတင်းအမျိုးအစားများကို ယေဘုယျလေ့လာကြည့်လျှင် ကြောက်ရွံ့စိုးရိမ်မှုမှ ပေါ်ပေါက်လာသော ကောလာဟလ၊ အာဃာတ အမုန်းတရားမှ ပေါ်ပေါက်လာသော ကောလာဟလ နှင့် မျှော်လင့်တမ်းတခြင်းမှ ပေါ်ပေါက်လာသော ကောလာဟလဟူ၍ သုံးမျိုးသုံးစားရှိကြောင်း တွေ့ရှိရပေမည်။

## အရေးပေါ်အခြေအနေမျိုးတွင် အပြိုင်းအရိုင်းပေါ်ပေါက်တတ်

ကောလာဟလသည် အရေးပေါ်အခြေအနေမျိုးတွင် အပြိုင်းအရိုင်း ပေါ်ပေါက်တတ်သည်။ ထို့အတူ သတင်းများ ပျောက်ကွယ်နေချိန်တွင် ကောလာဟလများသည် နေရာအနှံ့ ပျံ့နှံ့နေတတ်သည်။ အများပြည်သူများက သတင်းကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုချိန်တွင် သတင်းအပြည့်အဝမပေးနိုင်သည့်အခါ ထိုလိုက်ကွက်ကို ကောလာဟလက ဝင်ရောက်နေရာယူလာသည်။ ထိုအခါ မသမာသူများက မျိုးချ၍ ကောလာဟလသတင်းအမျိုးမျိုးကို ပျံ့နှံ့အောင် ဖြန့်ချိလေတော့သည်။

နိုင်ငံရေးအမြတ်ထုတ်လိုသူများက အခြေအနေများ ပိုမိုရှုပ်ထွေးအောင်လည်းကောင်း၊ မသမာသူများက ပြည်သူများတွေဝေအောင် ဝါဒဖြန့်ချိ၍လည်းကောင်း၊ စီးပွားရေးအမြတ်ထုတ်လိုသူများက ပြည်သူလူထု တုန်လှုပ်ချောက်ချားအောင်နှင့် ကုန်ဈေးနှုန်းများ ကမောက်ကမဖြစ်အောင်လည်းကောင်း၊ ပွဲလန့်လျှင် ဖျာခင်းလိုသူများက ပြည်သူလူထုကြား တည်ငြိမ်မှုပျက်ပြားပြီး ဖရိုဖရဲဖြစ်အောင်လည်းကောင်း ကောလာဟလ သတင်းအမျိုးမျိုးကို လွှင့်တတ်ကြသည်။ ပြည်သူတို့၏ စိတ်ဓာတ်ကိုပျက်ပြားအောင် ဖျက်ဆီးရာတွင် အဖျက်သမားများသည် "ကောလာဟလ"ကို လက်နက်ကောင်းတစ်ခုသဖွယ် အသုံးပြုလေ့ရှိကြသည်။ အဖျက်သမားတို့သည် ကောလာဟလမမှန်သတင်းများကိုသာ အစွမ်းဆုံးလက်နက်အဖြစ် ကိုင်စွဲကာ ပြည်သူလူထုအတွင်း တွေဝေအောင်၊ ယိမ်းယိုင်အောင်၊ ချောက်ချားအောင်၊ အထင်လွဲမှားအောင်၊ သဘောကွဲပြားအောင် ခြေထိုးခြင်း၊ ခြေရှုပ်ခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်းများကို အခါအခွင့်ရတိုင်း ခေတ်အဆက်ဆက်ပြုလုပ်လေ့ရှိကြသည်။

## ကောလာဟလသတင်းဖြန့်ချိမှုကို လက်နက်တစ်ခုအဖြစ် အသုံးပြု

ကမ္ဘာ့အင်အားကြီး နိုင်ငံများသည်လည်း ကောလာဟလ သတင်းဖြန့်ချိမှုကို အရေးပါအရာရောက်သော လက်နက်တစ်ခုအဖြစ် ယနေ့တိုင် အသုံးပြုလျက်ရှိနေကြဆဲပင်။ ဝါဒမတူညီသည့် နိုင်ငံများ၏ နိုင်ငံရေး၊ လူမှုရေးများကို လိုလျှင် လိုသလိုတစ်မျိုး၊ မလိုလျှင် မလိုသလိုတစ်မျိုး ပြောဆိုထုတ်လွှင့်တတ်ကြသည်။

အုပ်ချုပ်သူအစိုးရကို မုန်းတီးနေသူများကလည်း နိုင်ငံရေးနှင့်ပတ်သက်၍ အမနာပစကားများ၊ မုန်းတီးမှုအပေါ် အခြေခံပေါက်ဖွားလာသော ကောလာဟလများ၊ ဇဝနဉာဏ်ရွှင်ရွှင်နှင့် ဝေဖန်ပြောဆိုသည့် ကောလာဟလဟာသပြက်လုံးများဖြင့် လူအများအကြား ပျံ့နှံ့အောင် ဖြန့်ချိတတ်ကြသည်။

အီဂျစ်နိုင်ငံတွင် သမ္မတ နာဆာက ဆိုရှယ်လစ်စနစ်ဖြင့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေချိန်တွင် ဟာသတစ်ပုဒ် ပေါ်ပေါက်ခဲ့ဖူးသည်။

အိမ်ထောင်ရှင်ယောကျ်ားတစ်ဦးသည် အိမ်တွင် ဟင်းချက်စားရန် ဟင်းလျာမရှိ၍ ငါးမျှားထွက်ခဲ့ရာ ငါးကြီးတစ်ကောင်ဖမ်းမိသဖြင့် ဝမ်းသာအားရ အိမ်ပြန်လာသည်။ အိမ်ရောက်သည့်အခါတွင် မိန်းမဖြစ်သူကို . . .

"မိန်းမရေ ငါးကို ကြော်စားကြရအောင်"

"ကြော်စားရအောင် ဆီမရှိဘူးရှင့်"

"ဒီလိုဆို မီးကင်စားကြတာပေါ့"

"ကင်စားရအောင် မီးသွေးလည်းမရှိဘူးရှင့်"

ဆိုတော့ ယောကျ်ားဖြစ်သူလည်း စိတ်ဆိုးပြီး ငါးကို ရေထဲပြန်လွှတ်လိုက်ရာ ငါးက "သမ္မတ နာဆာ ကျန်းမာချမ်းသာပါစေ"ဟု ဆုတောင်းပြီး ပျော်ရွှင်စွာ ကူးသွားသည်ဟုဆိုသည်။

ဆိုရှယ်လစ်နိုင်ငံသို့ ကူးပြောင်းခါစ အီဂျစ်နိုင်ငံတွင် တွေ့ကြုံနေရသည့် ပစ္စည်းရှားပါးမှုကို ပြက်ရယ်ပြုသည့်သဘောဖြင့် ပြက်လုံးထုတ်ခဲ့ကြခြင်းဖြစ်သည်။ ဆိုရှယ်လစ်စနစ်ကို မလိုလားသူများ၊ မနှစ်သက်လက်မခံလိုသူများက ဆိုရှယ်လစ်စနစ်ကို ရှုတ်ချသည့်သဘောဖြင့် သမ္မတ နာဆာကို လှောင်ပြောင်ပြောဆိုခဲ့ခြင်းလည်းဖြစ်သည်။

တစ်ဖန် သမ္မတနာဆာ ကွယ်လွန်သွားပြီးနောက် ဒုတိယသမ္မတ အန်ဝါဆဒတ် သမ္မတရာထူးကို ဆက်ခံသည့်အချိန်တွင်လည်း မလိုသူများက "အီဂျစ်နိုင်ငံသားတွေအဖို့ တစ်ချိန်တည်းမှာ အဖြစ်ဆိုးကြီးနှစ်ရပ်နဲ့ တစ်ပြိုင်တည်းကြုံကြရပြီ။ တစ်ခုက သမ္မတကြီး နာဆာ ကွယ်လွန်သွားတာဖြစ်ပြီး တစ်ခုက ဆဒတ်ဆိုတဲ့လူကို သမ္မတအဖြစ် တင်မြှောက်လိုက်ရတာဖြစ်တယ်"ဟု ဟာသမြောက်သည့်ပြက်လုံးများဖြင့် အရက်ဆိုင်၊ လက်ဖက်ရည်ဆိုင်စကားဝိုင်းများတွင် သိက္ခာချခဲ့ကြပြန်သည်။

ဆိုရလျှင် စိတ်ဝင်စားမှု၊ ယုံကြည်မှုနယ်ပယ် ကျယ်ဝန်းလာသည်နှင့်အမျှ ကောလာဟလ အမျိုးအစားသည်လည်း များပြားလာလေ့ရှိသည်။ ရိုးရိုးသာမန်ပြည်သူများသည် ဖြစ်ရပ်မှန်သတင်း အပြည့်အစုံကို မရရှိသောအခါတွင် မိမိ၏မူရင်းဓာတ်ခံအယူအဆနှင့် ကြောက်ရွံ့ခြင်း၊ မုန်းတီးခြင်း၊ မျှော်လင့်တမ်းတခြင်းများဖြင့် ဆက်စပ်၍ပြောဆိုရာမှ ကောလာဟလသည် တစ်စတစ်စ ကျယ်ပြန့်လာသည်။

## တားဆီးကာကွယ်ကြရ

ကောလာဟလသတင်းများသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝတည်ငြိမ်ရေးတို့ကို ထိခိုက်ပျက်ပြားစေနိုင်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပြဿနာ၏အရင်းခံကို ပစ်မှတ်ပရိသတ်နားလည်စေရန် ဖြေရှင်းချက်များနှင့် ရှင်းလင်းတင်ပြခြင်း၊ ကောလာဟလညွှတ်ကွင်းသို့ ပြည်သူများ မသက်ဆင်းမိစေရန် နည်းလမ်းမျိုးစုံဖြင့် ပညာပေးခြင်း၊ ကောလာဟလသတင်း၏ အခြေအမြစ်ကို အမြန်ဆုံးရှာဖွေဖော်ထုတ်ချေဖျက်ခြင်း စသည့်နည်းလမ်းများဖြင့် တားဆီးကာကွယ်ကြရသည်။

စာမျက်နှာ ၇ သို့ ✡

> နိုင်ငံရေးအမြတ်ထုတ်လိုသူများက အခြေအနေများ ပိုမိုရှုပ်ထွေးအောင်လည်းကောင်း၊ မသမာသူများက ပြည်သူများ တွေဝေအောင် ဝါဒဖြန့်ချိ၍လည်းကောင်း၊ စီးပွားရေးအမြတ်ထုတ်လိုသူများက ပြည်သူလူထု တုန်လှုပ်ချောက်ချားအောင်နှင့် ကုန်ဈေးနှုန်းများ ကမောက်ကမဖြစ်အောင်လည်းကောင်း၊ ပွဲလန့်လျှင် ဖျာခင်းလိုသူများက ပြည်သူလူထုကြား တည်ငြိမ်မှု ပျက်ပြားပြီး ဖရိုဖရဲဖြစ်အောင်လည်းကောင်း ကောလာဟလသတင်းအမျိုးမျိုးကို လွှင့်တတ်ကြသည်။ ပြည်သူတို့၏စိတ်ဓာတ်ကိုပျက်ပြားအောင် ဖျက်ဆီးရာတွင် အဖျက်သမားများသည် "ကောလာဟလ"ကို လက်နက်ကောင်းတစ်ခုသဖွယ် အသုံးပြုလေ့ရှိကြသည်။ အဖျက်သမားတို့သည် ကောလာဟလမမှန်သတင်းများကိုသာ အစွမ်းဆုံးလက်နက်အဖြစ် ကိုင်စွဲကာ ပြည်သူလူထုအတွင်း တွေဝေအောင်၊ ယိမ်းယိုင်အောင်၊ ချောက်ချားအောင်၊ အထင်လွဲမှားအောင်၊ သဘောကွဲပြားအောင် ခြေထိုးခြင်း၊ ခြေရှုပ်ခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်းများကို အခါအခွင့်ရတိုင်း ခေတ်အဆက်ဆက်ပြုလုပ်လေ့ရှိ

> တိကျသောသတင်းမှန်များ ထုတ်လွှင့်ခြင်းဖြင့် လူအများ၏စိတ်တွင်း မရှင်းလင်း၊ မကွဲပြားမှုများ ပျောက်ကွယ်သွားသည်နှင့်အမျှ ကောလာဟလပျံ့နှံ့မှု အရှိန်သည်လည်း တန့်သွားပေမည်။ ထုတ်လွှင့်လိုက်သည့်သတင်းသည် ယုံကြည်လောက်သောဌာနမှ ဖြစ်သည်နှင့်အမျှ လူအများက လက်ခံယုံကြည်လာကြမည် ဖြစ်သည်။ ယင်းကဲ့သို့ လူများစုက လက်ခံယုံကြည်လာခြင်းဖြင့် ယင်းပုဂ္ဂိုလ်များကြားတွင် ကောလာဟလသည် ကင်းစင်ပပျောက်သွားမည်

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် သံတွဲမြို့ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ် စိုက်ပျိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှု

**စစ်တွေ ဩဂုတ် ၃**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက သံတွဲမြို့ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ကာ သံတွဲခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

**ထောက်ပံ့ ပစ္စည်းများပေးအပ်**

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံတွဲမြို့ ဆုတောင်းပြည့်ဘုရားကြီးတိုက်ကျောင်း ဓမ္မာရုံ၌ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံပြီး အားပေးစကားပြောကြားကာ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒွါရာဝတီတံတားပေါ်မှ သံတွဲချောင်း ရေကြီးရေလျှံမှုဖြစ်ပေါ်နေခြင်းအား သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရေကြီးရေလျှံမှုဖြစ်ပေါ်ရခြင်းနှင့် သံတွဲချောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ရမည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို



လမ်းညွှန်မှာကြားခဲ့သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမှတ်(၄) ရပ်ကွက် ရွှေဆံတော်တောင်ခြေဓမ္မာရုံ၌ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံပြီး ထောက်ပံ့ငွေ၊ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၇) ရပ်ကွက်တို့တွင် မြေနိမ့်ပိုင်းနေရာများ၌ ရေဝင်ရောက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။ သံတွဲမြို့နယ်အတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် သံတွဲချောင်းရေသည် စိုးရိမ်ရေအမှတ်ထက် မြင့်တက်လာခြင်းကြောင့် မြေနိမ့်ပိုင်းတွင် နေထိုင်ကြသည့် ပြည်သူများအား ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရာချထားပြီး ကျန်းမာရေး ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ နယ်မြေခံ တပ်မတော်သားများနှင့် သက်ဆိုင်ရာဌာနများက လိုအပ်သည့်ကူညီပံ့ပိုးပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျိန္တလီမြို့ ရှောက်ကုန်းကျေးရွာ၌ အကျိုးဆောင်တောင်သူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆင်းသွယ်လတ်စပါး ၁၅ ဧက မျိုးစေ့ထုတ် စံပြစိုက်ခင်း ထွန်ယက်စိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုအားပေးကြပြီး တောင်သူများ၏ တင်ပြချက်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးကာ ကောက်စိုက်လုံမေများနှင့် တောင်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဂွမြို့နယ် ရဟိုင်ကွင်းကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနမှ ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာ ဖော်ဆောင်ခြင်း၊ မိုးစပါးမျိုးစေ့ထုတ်နှင့် အထွက်နှုန်းတိုးတက်ရေး စိုက်ပျိုးထုတ်လုပ်ခြင်း ကွင်းသရုပ်ပြပွဲသို့ တက်ရောက်ကြရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက မြို့နယ်အတွင်းရှိ မိုးစပါးမျိုးစေ့ထုတ် စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ မိုးသီးနှံစိုက်ပျိုးမှုအခြေအနေနှင့် မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထွန်စက်ကြီးများဖြင့် ထွန်ယက်ပြသခြင်း၊ လက်တွန်းထွန်စက်ဖြင့် ထွန်ယက်ပြသခြင်းနှင့် ကောက်စိုက်သမဖြင့် စိုက်ပျိုးပြသခြင်းတို့ကို လှည့်လည်ကြည့်ရှု အားပေးကြပြီး တောင်သူများနှင့် တွေ့ဆုံကာ ယခင်ထက် အထွက်နှုန်းတိုးတက်ကောင်းမွန်ရေး၊ စနစ်တကျစိုက်ပျိုးကြရေး မှာကြား၍ တောင်သူများ၏ တင်ပြချက်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

**တင်ထွန်း(ပြန်/ဆက်)**

# (၂၄) ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီအစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ရေး ဦးစီးကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၃**

(၂၄) ကြိမ်မြောက် အာဆီယံယဉ်ကျေးမှု ဆပ်ကော်မတီ အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် အမျိုးသား စာကြည့်တိုက် (နေပြည်တော်) Orientation ခန်းမ၌ ကျင်းပသည်။



**ပြောကြား**

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်နုမြဖ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အာဆီယံလူမှု - ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ ဒုတိယဝန်ကြီး ဒေါ်နုမြဖ်က (၂၄) ကြိမ်မြောက် အာဆီယံယဉ်ကျေးမှု ဆပ်ကော်မတီအစည်းအဝေး၌ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ၂၀၂၄ ခုနှစ်အတွက် အာဆီယံယဉ်ကျေးမှု ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှု၊ အနုပညာ၊ အမွေအနှစ်ဆိုင်ရာ စီမံကိန်းအသစ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့် အခွင့်အရေးကောင်း တစ်ရပ်ကို အကျိုးရှိစွာ အသုံးချပြီး အာဆီယံဒေသအတွင်း အဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စီမံကိန်းများကို အထူးဦးစားပေး ဆွေးနွေးကြမည့် (၂၄) ကြိမ်မြောက် အာဆီယံ ယဉ်ကျေးမှု ဆပ်ကော်မတီ အစည်းအဝေး အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေး ကော်မတီဝင်များနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက အကြံပြုဆွေးနွေး ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အာဆီယံလူမှု - ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိ၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က (၂၄) ကြိမ်မြောက် အာဆီယံယဉ်ကျေးမှု ဆပ်ကော်မတီ အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ဆပ်ကော်မတီအလိုက်ဆွေးနွေးတင်ပြကြသည်။

**သတင်းစဉ်**

# မိုးကောင်းမြို့နယ် နန့်လှိုင်ခေတ်မီစံပြကျေးရွာတွင် အခြေခံနှင့်မွမ်းမံ စက်ချုပ်သင်တန်းဖွင့်လှစ်

**မိုးကောင်း ဩဂုတ် ၃**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်လှိုင်ခေတ်မီ စံပြကျေးရွာတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံနှင့် မွမ်းမံ စက်ချုပ်သင်တန်းကို ယနေ့နံနက် ၁၀ နာရီက ကျေးရွာရှိ ရတနာလှိုင်ခန်းမ၌ အခမ်းအနားဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**အမှာစကားပြောကြား**

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ယဉ်ယဉ်မြင့်က အသေးစားကုန်ထုတ်လုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရန်၊ အမျိုးသမီးများနှင့် လူငယ်များအား အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ဖန်တီးပေးခြင်းဖြင့် ပြည်သူများ ဝင်ငွေတိုးပွားလာစေရန်နှင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု ဖော်ဆောင်ပေးခြင်းဖြင့် အသေးစား၊ အငယ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရန် စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများကို သင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများအား ထောက်ပံ့ပေးအပ်ကြသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလအနေဖြင့် အခြေခံတွင် တစ်လနှင့် မွမ်းမံသင်တန်းတွင် ၁၅ ရက် စုစုပေါင်း ၄၅ ရက်ကြာ စာတွေ့လက်တွေ့ဖြင့် အခမဲ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

✡ စာမျက်နှာ ၆ မှ

တိကျသောသတင်းမှန်များ ထုတ်လွှင့်ခြင်းဖြင့် လူအများ၏စိတ်တွင်း မရှင်းလင်း၊ မကွဲပြားမှုများ ပျောက်ကွယ်သွားသည်နှင့်အမျှ ကောလာဟလ ပျံ့နှံ့မှုအရှိန်သည်လည်း တန့်သွားပေမည်။ ထုတ်လွှင့်လိုက်သည့်သတင်းသည် ယုံကြည်လောက်သောဌာနမှ ဖြစ်သည်နှင့်အမျှ လူအများက လက်ခံယုံကြည်လာကြမည်ဖြစ်သည်။ ယင်းကဲ့သို့ လူများစုက လက်ခံယုံကြည်လာခြင်းဖြင့် ယင်းပုဂ္ဂိုလ်များကြားတွင် ကောလာဟလသည် ကင်းစင်ပပျောက်သွားမည်ဖြစ်သည်။

ဝိသမလောဘသားများ၊ မသမာသူများ၏ ကောလာဟလသတင်း ဖြန့်လွှင့်မှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများသာမက နိုင်ငံသား တိုင်းကလည်း ကြားရာအရပ်၊ ရောက်ရာနေရာမှ တာဝန်သိသိဖြင့် ချေဖျက်ကြရန် လိုအပ်ပါသည်။

အဘယ်ကြောင့်ဆိုသော် အေသင်မြို့ရှိ လုလင်လေးများကို သူပုန်ထရန်မြှောက်ပေးသည်ဆိုသည့် ကောလာဟလကြောင့် ပညာရှိ ဆိုကရေးတီးသည် အသတ်ခံခဲ့ရသည်။ ဆင်းရဲနွမ်းပါးသည့် မုဆိုးမတစ်ဦး အိမ်ရှေ့တွင် ဆန်ပြာနေစဉ် လေပွေတိုက်ခတ်မှုကြောင့် လွင့်ပါသွားသော ဆန်ကောနောက်သို့ “ငါ့ဆန်ကော၊ ငါ့ဆန်ကော”ဟု အော်ဟစ်၍ ပြေးလိုက်ရာမှ နဂိုကတည်းက တိုင်းပြည်အတွင်း ဆူဆူပူပူ၊ စိတ်ဝမ်းကွဲမှုများကြောင့် ကျီးလန့်စာစား ထိတ်လန့်နေကြသည့် တိုင်းသူပြည်သားများမှာ “ငါ့ဆန်ကော” စစ်တပ်ကြီးလာပြီဟု ယုံမှတ်မှားပြီး အုတ်အော်သောင်းတင်း ထွက်ပြေးကြရာမှအစ သရေခေတ္တရာပြည်ကြီး ပျက်စီးခဲ့ရသည် မဟုတ်ပါလား။ ။

■

# အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း(၁၇၉)ဖွဲ့ နိုင်ငံတစ်ဝန်း အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

## အသိပေးထုတ်ပြန်ချက်

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီသည် ၂၀၁၁ ခုနှစ် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေ {ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၃/၂၀၁၁)} ပုဒ်မ(၁၃)ပါ သတ်မှတ်ပြဋ္ဌာန်းချက်အရ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေများနှင့်အညီ မှတ်ပုံတင်၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းဆောင်ရွက်လိုသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၊ အစုစပ်ကုမ္ပဏီများ၊ INGO များနှင့် NGO များအား သတ်မှတ်စံနှုန်းများနှင့်အညီ စိစစ်၍ အသေးစားငွေရေးကြေးရေး လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များကို ခွင့်ပြုပေးခဲ့ပါသည်။

၂။ ၂၀၂၃ ခုနှစ် မေလအထိ မြန်မာနိုင်ငံတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ဖြင့် လုပ်ငန်းဆောင်ရွက်နေသော အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း (၁၈၀)ဖွဲ့သည် တိုင်းဒေသကြီး/ပြည်နယ်(၁၅)ခုရှိ မြို့နယ်(၂၆၇)၊ ရပ်ကွက်(၂၃၀၈) နှင့် ကျေးရွာ(၂၇၇၇၃)တို့တွင် အသင်းဝင်ဦးရေ (၄.၄၉၆) သန်းကျော်အား အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ အမေရိကန်ပြည်ထောင်စု Delaware ပြည်နယ်အခြေစိုက် INGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် Pact Global Microfinance Fund (PGMF) သည် ပြည်ထဲရေးဝန်ကြီးဌာနတွင် ၂၀၁၂ ခုနှစ်၌ INGO အဖြစ်မှတ်ပုံတင်၍ မြန်မာနိုင်ငံတွင် အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသို့ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခဲ့ပြီး ကြီးကြပ်မှုကော်မတီက ၂၂-၆-၂၀၁၂ ရက်နေ့တွင် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်အမှတ် (၀၀၂၂/၂၀၁၂) ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။

၄။ INGO နှင့် NGO အဖြစ်မှတ်ပုံတင်၍အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရယူထားသည့် အဖွဲ့အစည်းများသည် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၄)နှင့် (၂၀၂၂)ပါ ပြဋ္ဌာန်းချက်များအရ အကျိုးအမြတ် ရယူဆောင်ရွက်သည့် ငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်မရှိသောကြောင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီက ၂၀၁၈ ခုနှစ်မှစတင်၍ INGO၊ NGO အဖွဲ့အစည်းများအား ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းရေးဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါသည်။

၅။ PGMF အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းအနေဖြင့် INGO မှ ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းရေး လုပ်ငန်းစဉ်များအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးပြတ်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်နေသော အသေးစားငွေရေးကြေးရေးလုပ်ငန်းများအား ရုပ်သိမ်း၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၁၁-၇-၂၀၂၃ ရက်နေ့တွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသို့ အကြောင်းကြားစာပေးပို့တင်ပြခဲ့ပါသည်။

၆။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအနေဖြင့် PGMF အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆောင်ရွက်ရန် တင်ပြမှုအပေါ် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ ယခုအခါ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ခွင့်ပြုချက်ရရှိထားသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း (၁၇၉)ဖွဲ့သည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသေးစားငွေရေးကြေးရေးဝန်ဆောင်မှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

# ဧရာဝတီတိုင်းဒေသကြီးတွင် အလားအလာရှိသော အုန်းသီးထွက်ကုန် ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းဖွင့်

**ပုသိမ် ဩဂုတ် ၃**

ဧရာဝတီတိုင်း ဒေသကြီးတွင် အလားအလာရှိသော ထုတ်ကုန် (အုန်းသီး) တန်ဖိုးကွင်းဆက် တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းစီမံကိန်း ဒုတိယအကြိမ် အုန်းသီးထွက်ကုန် ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေး သင်တန်းအား ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အုန်းစိုက်ပျိုးခြင်းအား မိရိုးဖလာ စိုက်ပျိုးနည်းများအပြင် ခေတ်မီစိုက်ပျိုး နည်းစနစ်များဖြင့် စိုက်ပျိုး၍ ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ မြန်မာ့အုန်းသီးတန်ဖိုးမြှင့် ထုတ်ကုန်များကို ပြည်တွင်း ပြည်ပသို့ တင်ပို့ရောင်းချနိုင်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ အုန်းသီးဖြင့် ပြုလုပ်ထားသည့် လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ လက်မှုပစ္စည်းများအား လှည့်လည်ကြည့်ရှုသည်။ အလားအလာရှိသော ထုတ်ကုန်(အုန်းသီး) တန်ဖိုးကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်း စီမံကိန်းဖြင့် ဒုတိယအကြိမ် အုန်းသီးထွက်ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းအား ဩဂုတ် ၃ ရက်မှ ၅ ရက်အထိ ပုသိမ်မြို့တွင် သင်တန်းသားသင်တန်းသူ စုစုပေါင်း ၂၉ ဦးအား စာတွေ့၊ လက်တွေ့သရုပ်ပြသင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■

# ဘီးလင်းမြို့နယ်၌ ရေဘေးသင့်ပြည်သူများသို့ စားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**ဘီးလင်း ဩဂုတ် ၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းကာ တောင်ကျရေများစီးဆင်းလာမှုကြောင့် ဘီးလင်းမြစ်ရေသည် ယမန်နေ့ညနေပိုင်းက စိုးရိမ်ရေအမှတ်ထက် ကျော်လွန်ရောက်ရှိခဲ့သည့်အတွက် မြို့ပေါ်ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့ရှိ နေအိမ်များ ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါရေကြီးနစ်မြုပ်ခံရသည့် အိမ်ထောင်စုများအတွက် ဘီးလင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးနိုင်အောင်ထွန်းနှင့် မြို့နယ်အဆင့်တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက ကယ်ဆယ်ရေးစခန်း ၂၃ ခု၌ ယာယီခိုလှုံနေသည့် ရေဘေးသင့်အိမ်ထောင်စု ၆၆၅ စုမှ အမျိုးသား ၁၄၅၅ ဦး၊ အမျိုးသမီး ၁၆၇၀ စုစုပေါင်း ၃၁၂၅ ဦးတို့အတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် ရေသန့်ကတ်များကို ကယ်ဆယ်ရေးစခန်းအလိုက် သွားရောက်ထောက်ပံ့ပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၃**

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး



ဟောပြောပွဲအခမ်းအနားကို ယမန်နေ့မွန်းတည့် ၁၂ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စွမ်းအားခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ အထက်တန်းပြဆရာမ ဒေါ်ဝင့်ဟေမန်ထွန်းက မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုအန္တရာယ်အကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ အထက်တန်းပြဆရာမ ဒေါ်ထက်ခင်ခင်က မူးယစ်ဆေးဝါးသုံးစွဲမှုက သုံးစွဲသူကိုထိခိုက်စေရုံသာမက မိသားစု၊ မိတ်ဆွေအပေါင်းအသင်း၊ တိုင်းပြည်၏အရင်းအမြစ်နှင့် လူ့အဖွဲ့အစည်းတစ်ခုလုံးကိုပါ ထိခိုက်စေနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အထက်တန်းပြဆရာမ ဒေါ်ဝင်းဝင်းယုက လူကုန်ကူးမှုအန္တရာယ်အကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက မိမိတို့သိလိုသည်များကို မေးမြန်းကြကာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးသည့် GW-11 နှမ်းစပါးများ စိုက်ပျိုးထွက်ရှိ

**ပြည် ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် မြောင်းဆုံကျေးရွာရှိ မြောင်းဆုံစိုက်/ထွေသမဝါယမအသင်းသားပိုင် ဧက ၁၁၀ ပေါ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ Contract Farming စနစ်ဖြင့် GW–11 နှမ်းစပါးများကို ဧပြီလတွင် စိုက်ပျိုးခဲ့ရာ ယခုရိတ်သိမ်းချိန်၌ တစ်ဧကလျှင် ပျမ်းမျှတင်း ၁၅၀ မှ တင်း ၁၆၀ ကြား ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ
တမံသဘော ရေထိန်းတော။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်နေ့ ကြည်ညိုဖွယ် မြင်ကွင်း

နေပြည်တော် ဩဂုတ် ၃

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဂန္ဓကုဋိတိုက်များ၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ဘုရား၊ ကျောင်း၊ ကန်၊ တံတား၊ ဥယျာဉ်များ၊ သုခမ္မာဇရပ်များ၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးနှင့် ကျောက်စာရုံစေတီများကို ရဟန်း၊ ရှင်လူ အများပြည်သူများအနေဖြင့် ကြည်ညိုကုသိုလ်ယူ ပူဇော်နိုင်ရေးအတွက် ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်နေ့ ညပိုင်း ကြည်ညိုဖွယ်ရာ မြင်ကွင်းအား နိဗ္ဗာန်အကျိုးမျှော်၍ ဖော်ပြလိုက်ရပါသည်။

သတင်းစဉ်













# သံမဏိလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ အခန်းကဏ္ဍ

**မောင်စိန်ဝင်း(ညောင်ခါးရှည်)**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်မှာ ထိုနိုင်ငံရှိ လူအများစုလုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်၍ ယင်းစီးပွားရေးမောင်းနှင်အားကို အခြေခံလျက် ပြည်ပသွင်းကုန်များ အစားထိုးနိုင်သည့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများကို ကျွဲကူးရေပါဆိုသကဲ့သို့ အားပေးမြှင့်တင်ရန် လိုအပ်သည်။ ပြည်တွင်းထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်လေလေ ဖွံ့ဖြိုးမှုမြန်လေလေဖြစ်ပေမည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရာတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ထုတ်လုပ်မှုကဏ္ဍနှင့် စွမ်းအင်ကဏ္ဍဟူသည့် အဓိကအခန်းကဏ္ဍသုံးရပ်ရှိပြီး ထိုကဏ္ဍသုံးရပ်တွင် ထုတ်လုပ်မှုကဏ္ဍမှ မဟာဗျူဟာမြောက်စီးပွားရေးအခြေပြု ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရာတွင် သံနှင့် သံမဏိထုတ်လုပ်မှုကဏ္ဍသည် အလွန်အရေးပါကြောင်း တွေ့ရသည်။



အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)၏ သံရည်ကျိုအလုပ်ရုံ(၁)ကို တွေ့မြင်ရစဉ်။

### တစ်နှစ်လျှင် သံမဏိတန်ချိန် ၅ ဒသမ ၁၄ သန်း လိုအပ်

ကမ္ဘာပေါ်၌ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို လူတစ်ဦးချင်းစီ၏ သံ၊ သံမဏိသုံးစွဲမှုပမာဏပေါ်မူတည်၍ တိုင်းတာဖော်ပြကြသည်။ နိုင်ငံတကာသံမဏိသုံးစွဲမှုစံနှုန်းများအရ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများ၌ လူတစ်ဦးလျှင် တစ်နှစ်အတွက် အနည်းဆုံး သံမဏိ ၁၀၀ ကီလိုဂရမ်အထက် သုံးစွဲနေကြောင်း သိရသည်။ အဆိုပါနှုန်းထားအတိုင်းဆိုပါက မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်လာချိန်တွင် လူဦးရေ ၅၁ ဒသမ ၄ သန်းအတွက် တစ်နှစ်လျှင် သံမဏိတန်ချိန် ၅ ဒသမ ၁၄ သန်း လိုအပ်လာမည်ဖြစ်သည်။ ကမ္ဘာ့သံ၊ သံမဏိသုံးစွဲမှုကို လေ့လာပါက ဆောက်လုပ်ရေးလုပ်ငန်းများသည် သံမဏိထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်းသုံးစွဲပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများက ၁၆ ရာခိုင်နှုန်း၊ စက်ပစ္စည်းကဏ္ဍက ၁၄ ရာခိုင်နှုန်း၊ သတ္တုထုတ်ကုန်များက ၁၄ ရာခိုင်နှုန်း၊ မီးဖိုချောင်သုံးပစ္စည်း၊ ပရိဘောဂ၊ လျှပ်စစ်ပစ္စည်းများက ခြောက်ရာခိုင်နှုန်း အသုံးပြုလျက်ရှိကြောင်း တွေ့ရသည်။

သံမဏိသည် လူသားတို့ဘဝရှင်သန်တိုးတက်ရေးအတွက် အခြေခံအကျဆုံးပစ္စည်းအဖြစ် ရပ်တည်လျက်ရှိသည်။ သံမဏိသည် ၁၀၀ ရာခိုင်နှုန်း ပြန်လည်အသုံးပြုနိုင်သည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းဖြစ်ခြင်း၊ အခြားမည်သည့်သတ္တုနှင့်မျှ မတူညီသည့် ထူးခြားဆန်းပြားသော အရည်အသွေးနှင့်ပြည့်စုံခြင်းတို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ်တွင် လိုအပ်ချက်မြင့်မားလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်သံမဏိတန်ချိန် သုံးသန်းခန့် အသုံးပြုနေပြီး နိုင်ငံပိုင်နှင့် ပုဂ္ဂလိကသံမဏိစက်ရုံများ၏ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ပါက တစ်နှစ်လျှင် သံမဏိတန်ချိန် တစ်သန်းခန့်သာ ထုတ်လုပ်နိုင်ကြောင်း သိရသည်။ လိုအပ်သည့်သံမဏိတန်ချိန် နှစ်သန်းခန့်ကို ပြည်ပမှတင်သွင်းနေရသဖြင့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ခန့် ကုန်ကျနေသည်။ တရုတ်နိုင်ငံမှ အဓိကတင်သွင်းပြီး ဂျပန်၊ ယူအေအီးနှင့် အာဆီယံနိုင်ငံအချို့မှလည်း တင်သွင်းသည်။

စက်မှုဖွံ့ဖြိုးတိုးတက်သော ကမ္ဘာ့နိုင်ငံအများစုကို လေ့လာပါက သံမဏိကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်းသည် အဓိကဖြစ်ကြောင်း တွေ့ရသည်။ အာရှတွင် ဂျပန်၊ ကိုရီးယားနှင့် တရုတ်နိုင်ငံတို့ စက်မှုထွန်းကားရသည့်အကြောင်းရင်းမှာ သံကိုစီးပွားဖြစ်ထုတ်လုပ်နိုင်သောကြောင့်ဖြစ်သည်။ ကိုရီးယားနှင့်တရုတ်တို့တွင် သံရိုင်း (Iron ore) မထွက်ရှိသော်လည်း ဩစတြေးလျမှ ဝယ်ယူ၍ သံမဏိများ ထုတ်လုပ်သည်။

သဘာဝသယံဇာတပေါကြွယ်ဝသည့် မြန်မာနိုင်ငံအနေဖြင့် သံသတ္တုသိုက် (Iron ore Deposit) များရှိပြီးဖြစ်သည်။ ရောဝတီမြစ်အထက်ပိုင်းတွင် တစ်ခုနှင့် တောင်ကြီးအနီး ပင်းပက်တွင် တစ်ခုဖြစ်သည်။ ပင်းပက်ရှိ သံသတ္တုရိုင်းသိုက်ကို ၁၉၅၄ ခုနှစ်ကတည်းကပင် ဂျာမန်ကုမ္ပဏီတစ်ခုနှင့် ပဏာမစမ်းသပ်ခဲ့ရာ ကြီးမားသောသတ္တုသိုက်ဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ သံတန်ချိန် စုစုပေါင်း သန်း ၇၀ ခန့်ရှိသည့် သတ္တုသိုက်ဖြစ်ပြီး တစ်နှစ် သံစိမ်းတန်ချိန် နှစ်သိန်းထုတ်လုပ်ပါက နှစ်ပေါင်း ၁၁၀ ခန့် အသုံးပြုနိုင်သည့် ပမာဏဖြစ်သော်လည်း သံပါဝင်မှု (Iron Content) မှာ ယင်းကာလ သံထုတ်လုပ်သည့်နည်းစဉ်များနှင့် အသုံးပြုရန် အခက်အခဲရှိခဲ့သည်။

### သံသတ္တုရိုင်းမှ သံစိမ်းထုတ်လုပ်

ပင်းပက်ဒေသ သံသတ္တုရိုင်းသိုက်တွင် သတ္တုရိုင်း အမျိုးအစားနှစ်မျိုးတွေ့ရှိရပြီး ဟီမင်တိုက် (Hematite) ဟုခေါ်သည့် သံရိုင်းတွင် သံပါဝင်မှု ၅၆ ဒသမ ၄ ရာခိုင်နှုန်းပါဝင်ပြီး လီမွန်နိုက် (Lemonite) သံရိုင်းတွင် သံပါဝင်မှု ၄၂ ဒသမ ၆ ရာခိုင်နှုန်းပါဝင်သည်။ သံသတ္တုရိုင်းမှ သံစိမ်း ထုတ်လုပ်သည့်နည်းစဉ် (Iron making Process) များဖြစ်သည့် Blast Furnce (BF) Process၊ COREX/FINEX Process၊ Romelt Process ဟူ၍ရှိရာ မြန်မာနိုင်ငံအနေဖြင့် သံသတ္တုရိုင်းမှ သံစိမ်း ထုတ်လုပ်ရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ MISA တက္ကသိုလ်မှ ပါမောက္ခ VA.Romelt တီထွင်ထားသည့် ရိုမဲ့နည်းစဉ် (Romelt Process) ကို အသုံးပြု၍ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)တွင် သံသတ္တုရိုင်းမှ သံစိမ်းထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိသည်။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် သံနှင့် သံမဏိထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်နိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှ သဘောတူညီချက်အရ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ ဆောင်ရွက်ဆဲ စက်ရုံစီမံကိန်းများဖြစ်သည့် သံမဏိစက်ရုံ (မြင်းခြံ)နှင့် သံမဏိစက်ရုံ (ပင်းပက်)တို့ကို ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် စက်မှုဝန်ကြီးဌာနက လွှဲပြောင်းလက်ခံခဲ့ပြီး အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းက တာဝန်ယူဆောင်ရွက်ခဲ့သည်။

### စီမံကိန်းများ၏ မူလလျာထားချက်များ

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် သံနှင့်သံမဏိထုတ်ကုန်အမျိုးမျိုးထုတ်လုပ်နိုင်ရန် စက်မှုဝန်ကြီးဌာနသည် အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)စီမံကိန်းနှင့် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)အနေဖြင့် Steel Rolling Mill နှင့် Steel Plate Mill တို့အတွက် အဓိကကုန်ကြမ်းပစ္စည်းများဖြစ်သည့် Steel Billets (သံမဏိလေးထောင့်တုံးများ) နှင့် Steel Slabs (သံမဏိအထူပြားများ)ကို တစ်နှစ်လျှင် တန်ချိန်နှစ်သိန်းထုတ်လုပ်ပေးရန် ပထမအဆင့်စီမံကိန်း (Phase I)ကိုလည်းကောင်း၊ ဒုတိယအဆင့်စီမံကိန်း (Phase II) အနေဖြင့် တိုက်ရိုက်ဓာတ်လျှော့သံ(ခေါ်) သံပွ(Sponge Iron) ထုတ်လုပ်ခြင်း (သဘာဝသံသတ္တုရိုင်းမှ သံအောက်ဆိုက်များကို ဓာတ်လျှော့နည်းကိုအသုံးပြု၍ သံပွအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်း)နှင့် Steel Slabs၊ Hot Rolled Coil၊ Hot Rolled Sheet၊ Cold Rolled Coil များ ထုတ်လုပ်နိုင်ရန်အတွက်လည်းကောင်း၊ ဒုတိယအဆင့်စီမံကိန်း၏အဆက် (Phase II A) တွင် Value Added ထုတ်ကုန်များဖြစ်သည့် Galvanized & AL–Zinc Coated Coil၊ Colour Coated Coil၊ Slit Coil၊ Profile & Formed Section Sheet များ ထုတ်လုပ်ရန်အတွက်လည်းကောင်း၊ တတိယအဆင့်စီမံကိန်း (Phase III) တွင် Steel Section and Round၊ Steel Rail၊ Big diameter welded Pipe နှင့် Medium diameter welded Pipe များ ထုတ်လုပ်ရန်အတွက်လည်းကောင်း အီတလီနိုင်ငံမှ Danieli ကုမ္ပဏီအပါအဝင် သက်ဆိုင်ရာကုမ္ပဏီများနှင့် စာချုပ်များ ချုပ်ဆိုခဲ့သည်။

အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်းအနေဖြင့် Steel Billets နှင့် Steel Slabs ကို တစ်နှစ်လျှင် တန်ချိန်နှစ်သိန်း ထုတ်လုပ်ပေးမည့် သံရည်ကျိုအလုပ်ရုံ (Melt Shop–1)နှင့် ဆက်စပ်အလုပ်ရုံများ တည်ဆောက်ရန် ပထမအဆင့်စီမံကိန်းကို ၂၀–၁၁–၂၀၀၄ ရက်နေ့တွင် လက်မှတ်ရေးထိုး၍ စတင်တည်ဆောက်ခဲ့သည်။ စီမံကိန်းပထမအဆင့်ကို ဆောင်ရွက်ပြီးနောက် Steel Billets နှင့် Slabs များ တစ်ပြိုင်နက်ထုတ်လုပ်မည့် **စာမျက်နှာ ၁၁ သို့** ❐



အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)

**သံမဏိသည် လူသားတို့ဘဝရှင်သန်တိုးတက်ရေးအတွက် အခြေခံအကျဆုံးပစ္စည်းအဖြစ် ရပ်တည်လျက်ရှိသည်။ သံမဏိသည် ၁၀၀ ရာခိုင်နှုန်း ပြန်လည်အသုံးပြုနိုင်သည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းဖြစ်ခြင်း၊ အခြားမည်သည့်သတ္တုနှင့်မျှ မတူညီသည့် ထူးခြားဆန်းပြားသော အရည်အသွေးနှင့်ပြည့်စုံခြင်းတို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ်တွင် လိုအပ်ချက်မြင့်မားလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်သံမဏိတန်ချိန် သုံးသန်းခန့်အသုံးပြုနေပြီး နိုင်ငံပိုင်နှင့် ပုဂ္ဂလိကသံမဏိစက်ရုံများ၏ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ပါက တစ်နှစ်လျှင် သံမဏိတန်ချိန် တစ်သန်းခန့်သာ ထုတ်လုပ်နိုင်**

❒ စာမျက်နှာ ၁၀ မှ

သံရည်ကျိုအလုပ်ရုံ (Melt Shop-2 )နှင့် Direct Reduction Plant၊ Hot Strip Mill နှင့် Cold Mill Complex တို့ပါဝင်သည့် ဒုတိယအဆင့်စီမံကိန်းကို ၁၄-၇-၂၀၁၀ ရက်နေ့တွင် လက်မှတ်ရေးထိုး၍ ဆက်လက်ဆောင်ရွက်ခဲ့သည်။ (Melt Shop – 2 မှ ၂၀၁၆ ခုနှစ်တွင် သံမဏိအထူပြား တန်ချိန် ၂၀၀၀ ကို စတင်ထုတ်လုပ်နိုင်ခဲ့သည်)။

Galvanized & AL-Zinc Coated Coil၊ Colour Coated Coil၊ Silt Coil နှင့် Profile & Formed Section Steel Sheet များ ထုတ်လုပ်မည့် ဒုတိယ အဆင့်စီမံကိန်း၏အဆက်ဖြစ်သော Phase II A ကို ၁၄-၆-၂၀၁၁ ရက်နေ့တွင် လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆို၍ ဆက်လက်ဆောင်ရွက်ခဲ့သည်။ စီမံကိန်းပြီးစီးပါက အရွယ်စုံ၊ အရောင်စုံ၊ ဆိုဒ်စုံ ဈေးကွက်ဝင်သံပြားနှင့် အမိုးပြားများ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ဆက်လက်၍ Steel Section and Round၊ Steel Rail၊ Big diameter welded Pipe နှင့် Medium diameter welded Pipe များ ထုတ်လုပ်မည့် တတိယအဆင့်စီမံကိန်း (Phase III) ကို ၃-၈-၂၀၁၂ ရက်နေ့တွင် စာချုပ်ချုပ်ဆိုခဲ့ပြီး အပိုင်းလိုက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**သံစိမ်းတန်ချိန် နှစ်သိန်း**

အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းမှာ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)၏ အဓိကကုန်ကြမ်း ဖြစ်သည့် (Pig Iron) သံစိမ်းများ ထုတ်လုပ်ပေးနိုင်ရန်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ JSC Tyazh-promexport (TPE)Co.,Ltd နှင့် ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းဖြစ်သည်။ စီမံကိန်းပြီးစီးပါက တစ်နှစ်လျှင် (Pig Iron) သံစိမ်းတန်ချိန် နှစ်သိန်း ထုတ်လုပ်သွားမည်ဖြစ်သည်။

အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) အနေဖြင့် တည်ဆောက်နေဆဲကာလအတွင်း စက်ပစ္စည်းများ၏ ၉၀ ရာခိုင်နှုန်းကျော် ရောက်ရှိနေပြီး စီမံကိန်း ပြီးစီးမှုအနေဖြင့် ၆၆ ဒသမ ၅၂ ရာခိုင်နှုန်းနှင့် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)အနေဖြင့် စီမံကိန်းလုပ်ငန်းများပြီးစီးမှု ၉၈ ဒသမ ၈၆ ရာခိုင်နှုန်းဖြင့် အရှိန်အဟုန်ဖြင့် တည်ဆောက်နေဆဲကာလတွင် ၂၀၁၇ ခုနှစ် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ (၇/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအရ ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် ညွှန်ကြားခဲ့သဖြင့် အဆိုပါစီမံကိန်းနှစ်ခုအား ၃၁-၃-၂၀၁၇ ရက်နေ့တွင် ရပ်ဆိုင်းခဲ့ရသည်။ ဆောင်ရွက်ဆဲစီမံကိန်းများ ရပ်ဆိုင်းလိုက်ရသဖြင့် နိုင်ငံတော်အနေဖြင့် များစွာဆုံးရှုံးနစ်နာခဲ့ရသည်။ အချို့သောစက်ပစ္စည်းများမှာ အချိန်ကြာမြင့်စွာ ရပ်ဆိုင်းထားသည့်အတွက် ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ချို့ယွင်းပျက်စီးခြင်း၊ ယခင်ထည့်သွင်းခဲ့သည့် ကွန်ပျူတာဆော့ဝဲလ်များ ပျောက်ဆုံးပျက်စီးခြင်း၊ နည်းပညာ၊ အချိန်၊ ငွေကြေးနှင့် လုပ်အားများဆုံးရှုံးခြင်းတို့ကြောင့် ရပ်ဆိုင်းကာလ ခြောက်နှစ်ခန့် (၂၀၁၇ ခုနှစ် မတ်လမှ ၂၀၂၃ ခုနှစ် မတ်လအထိ) အတွင်း ထုတ်လုပ်မှုလုပ်ငန်းများမှရရှိလာမည့် အကျိုးအမြတ်များ အလဟဿဖြစ်သွားခြင်းတို့မှာ အစားထိုးမရသောဆုံးရှုံးမှုများဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **“နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အလို့ငှာ အစိုးရ၏ စီမံခန့်ခွဲမှုအောက်တွင်ရှိပြီး ရပ်နားထားရသည့် စက်ရုံ၊ အလုပ်ရုံများထဲမှ ပုဂ္ဂလိကပိုင် ပြုလုပ်နိုင်ခြင်းမရှိသော စက်ရုံ၊ အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်အောင် ဝိုင်းဝန်းကူညီ ပံ့ပိုးပေးရန်နှင့် နည်းလမ်းရှာဖွေ၍ ဝင်ငွေရအောင် ဆောင်ရွက်ရန်၊ ပြည်တွင်းရှိ သံမဏိစက်ရုံနှင့် သံစက်ရုံများမှာ အကြောင်းအမျိုးမျိုးကြောင့် စွမ်းအားပြည့် လည်ပတ်နိုင်မှုမရှိခြင်းကြောင့် ပြည်ပမှ သံမဏိ အများအပြားတင်သွင်းနေရသဖြင့် တိုင်းပြည်အတွက် နစ်နာဆုံးရှုံးမှုမရှိစေရန် အမှတ် (၁)သံမဏိစက်ရုံ(မြင်းခြံ)နှင့် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) တို့အား ပြန်လည်လည်ပတ်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်”** ဟူသည့် လမ်းညွှန်ချက်များအရ ရပ်ဆိုင်းထားခဲ့ရသည့် စီမံကိန်းလုပ်ငန်းများကို ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် ပြန်လည်စတင်နိုင်ရေးဆောင်ရွက်ခဲ့ရာ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ) အနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မတ်လအတွင်း သံရည်ကျိုလုပ်ငန်းများ ပြန်လည်စတင်နိုင်ခဲ့ပြီး အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ထုတ်လုပ်မှုလုပ်ငန်းများ စတင်နိုင်ရေး လျာထားစီမံဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ ရောက်ရှိစစ်ဆေးစဉ် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက သံမဏိစက်ရုံစီမံကိန်းများ ဆောင်ရွက်ထားရှိမှု၊ သံနှင့် သံမဏိပစ္စည်းများ ပြည်ပမှတင်သွင်းမှုနှင့် နှစ်အလိုက် သံနှင့် သံမဏိပစ္စည်းများ သုံးစွဲမှုလိုအပ်ချက်၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)စီမံကိန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က **“သံမဏိထုတ်လုပ်မှုလုပ်ငန်းသည် မိမိတို့နိုင်ငံအတွက် အရေးကြီး လိုအပ်ချက်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိပစ္စည်းများမှာ များစွာလိုအပ်နေသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့်သာမဟုတ်ဘဲ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ဆောင်ရွက်လိုပါကလည်း စည်းကမ်းနှင့်အညီ ခွင့်ပြု၍ ပြည်တွင်းသံမဏိထုတ်လုပ်သည့်လုပ်ငန်းကို အားပေးမြှင့်တင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် သံမဏိထုတ်လုပ်ရန်အတွက် အခြေခံသံရိုင်း၊ ကျောက်မီးသွေးနှင့် ထုံးကျောက်များရှိပြီးဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နိုင်ပါက ပြည်ပမှတင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဒေသစက်မှုလုပ်ငန်းများဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် သံနှင့်သံမဏိပစ္စည်း အမေရိကန်ဒေါ်လာ ၉၉၅ သန်းခန့် တင်သွင်းခဲ့ရသဖြင့် ပြည်တွင်းသံမဏိထုတ်လုပ်ခြင်းလုပ်ငန်းကိုမြှင့်တင်၍ ပြည်ပမှတင်သွင်းမှုကို လျှော့ချသွားရန်လိုကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းအတွက် သံမဏိများ လိုအပ်သကဲ့သို့ ဘိလပ်မြေစက်ရုံများလည်း ထပ်မံတိုးချဲ့တည်ဆောက်ရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်အတွက် မဟာဗျူဟာဖြင့် စဉ်းစားဆောင်ရွက်ရန်လိုကြောင်း မှာကြားပြီး မြန်မာနိုင်ငံအတွက် သံနှင့် သံမဏိလုပ်ငန်း ပြန်လည်နိုးကြား တစ်ခေတ်ဆန်းလာစေရေးနှင့် မြန်မာ့စက်မှုလုပ်ငန်း ပိုမိုတိုးတက်လာရေး အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)မှ အဓိကအင်အားစုအဖြစ် အားဖြည့်နိုင်ပါစေကြောင်း”** ဆုမွန်ကောင်းတောင်းပေးခဲ့သည်။

**နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်များ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းသို့လည်းကောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့နှင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တို့တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)စီမံကိန်းသို့လည်းကောင်း၊ ၂၀၂၃ ခုနှစ် မတ်လ ၈ ရက်နေ့တွင် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)စီမံကိန်းသို့လည်းကောင်း၊ ၂၀၂၃ ခုနှစ် မေလ ၃၁ ရက်နေ့တွင် အမှတ် (၁)သံမဏိစက်ရုံ (မြင်းခြံ)သို့လည်းကောင်း ရောက်ရှိစစ်ဆေးလျက် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို လမ်းညွှန်မှုများ ပြုလုပ်ခဲ့သည်။

**စက်ရုံများ၏ ချိတ်ဆက်ဆောင်ရွက်မှု**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ပင်းပက်ဒေသသည် မြန်မာနိုင်ငံတွင် ကျောက်ရည်ပူနှင့်ဆက်နွယ်သော အနည်ကျသံသတ္တုရိုင်း အများဆုံး ထွက်ရှိရာ ဒေသတစ်ခုဖြစ်သည်။ သံသတ္တုရိုင်းမှ သံစိမ်း (Pig Iron)များ ထုတ်လုပ်နိုင်ရန် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းကို ရုရှားဖက်ဒရေးရှင်းနိုင်ငံအကူအညီဖြင့် တည်ဆောက်ခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhpromexport (TPE) Co., Ltd ဖြင့်ပူးပေါင်း၍ ၂၀၀၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ သံသတ္တုရိုင်းမှ သံစိမ်းထုတ်လုပ်သည့် ကမ္ဘာပေါ်တွင် အသုံးအများဆုံးနည်းစဉ်များဖြစ်သည့် Blast Furnace(BF) Process၊ COREX/FINEX Process နှင့် Romelt Process ဟူ၍ရှိရာ ပင်းပက်စီမံကိန်းမှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နည်းပညာဖြစ်သည့် Romelt Process ဖြင့် ထုတ်လုပ်မည်ဖြစ်သည်။

ကုန်ကြမ်းအဖြစ်လိုအပ်သည့် ဟီမင်တိုက်သံရိုင်းနှင့် လီမွန်နိုက်သံရိုင်းကို ပင်းပက်ဒေသမှလည်းကောင်း၊ ထုံးကျောက်ကို စက်ရုံအနီးရှိ နောင်ကာကယ်ထုံးကျောက်တောင်မှလည်းကောင်း၊ ဒိုလိုမိုက်ကျောက်ကို စက်ရုံမှ ခုနစ်မိုင်ခွဲခန့်အကွာရှိ ထန်ဆာတောင်မှလည်းကောင်း၊ ကျောက်မီးသွေးကို နမ့်စမ်နှင့် ပင်လုံဒေသများမှလည်းကောင်း၊ ဆီလီကာသဲကို သာစည်မြို့နယ် ပြည်ညောင်ဒေသမှလည်းကောင်း ရရှိမည်ဖြစ်သည်။ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)မှရရှိသည့် သံစိမ်းကို အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)တွင် ကုန်ကြမ်းအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။ စက်ရုံမှ တစ်နှစ်လျှင် သံစိမ်းတန်ချိန် နှစ်သိန်းနှင့် ချော်လုံး (Granulated Slag)တန်ချိန် ၂ ဒသမ ၈ သိန်းကို ထုတ်လုပ်နိုင်မည်ဟု သိရသည်။



အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)

သံနှင့် သံမဏိထုတ်လုပ်မှု လုပ်ငန်းများသည် နည်းပညာနှင့် အရင်းအနှီးကြီးမားခြင်း၊ ကျွမ်းကျင်လုပ်သားလိုအပ်ခြင်း၊ ဈေးကွက်ဝေစုရရန်ခက်ခဲခြင်း၊ လုပ်ငန်းခွင်အန္တရာယ်နှင့်နီးကပ်ခြင်း စသည့်အချက်များကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ဆောင်ရွက်ရန်ခက်ခဲပြီး နိုင်ငံတော်က ပံ့ပိုးကူညီမှုများစွာလိုအပ်သောလုပ်ငန်းများဖြစ်သည်။ မြန်မာနိုင်ငံ၏ သံနှင့် သံမဏိထုတ်လုပ်မှုကဏ္ဍတွင် နိုင်ငံပိုင်အနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာန တစ်ရုံ၊ စက်မှုဝန်ကြီးဌာန နှစ်ရုံနှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း(MEC)လက်အောက်တွင် သုံးရုံရှိပြီး ပုဂ္ဂလိက စက်မှုလုပ်ငန်း မှတ်ပုံတင်သံရည်ကျိုလုပ်ငန်း ၃၆၂ ခုရှိကြောင်း သိရသည်။

နိုင်ငံတော်၏ သံနှင့် သံမဏိလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် စက်မှုဝန်ကြီးဌာနအနေဖြင့် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) စီမံကိန်းကို မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆားခါးကျေးရွာအနီး မြေ ၇၉၅ ဧကတွင်လည်းကောင်း၊ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ပင်းပက်ဒေသရှိ မြေ ၅၁၄၀ ဒသမ ၈၄ ဧကတွင်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သည့် ထုတ်ကုန်များကို အုပ်စုခွဲပါက သံနှင့် သံမဏိထုတ်လုပ်မှုဆိုင်ရာအုပ်စု၊ ဘိလပ်မြေနှင့် ကြွေထည်မြေထည် ထုတ်လုပ်မှုဆိုင်ရာအုပ်စု၊ ချည်မျှင်နှင့် အထည် ထုတ်လုပ်မှုဆိုင်ရာအုပ်စုနှင့် ဆေးဝါးနှင့် လူသုံးကုန် ထုတ်လုပ်မှုဆိုင်ရာအုပ်စုဟူ၍ အဓိကအုပ်စုကြီး လေးခုရှိသည်။ သံနှင့် သံမဏိထုတ်လုပ်မှုဆိုင်ရာအုပ်စုအနေဖြင့် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) စီမံကိန်းလုပ်ငန်းများ ပြန်လည်စတင်နေပြီး အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းမှာမူ ထုတ်လုပ်မှုလုပ်ငန်းများစတင်ရန် ဆောင်ရွက်ဆဲဖြစ်သည်။

စာမျက်နှာ ၁၂ သို့ ❒

# Asia World ဆိပ်ကမ်း၌ ရောက်ရှိနေသည့် ဘက်ထရီအသုံးပြုယာဉ်များအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၃**

လျှပ်စစ်သုံးယာဉ်များ တင်သွင်းမှုကို ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် တင်သွင်းလျက်ရှိရာ ယမန်နေ့ညနေပိုင်းက အလုံမြို့နယ် Asia World ဆိပ်ကမ်း၌ ရောက်ရှိနေသည့် ဘက်ထရီ အသုံးပြုယာဉ်များအား ရန်ကုန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တိုင်းဒေသကြီးဝန်ကြီးများက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။



**ဘက်ထရီအသုံးပြုယာဉ် ၅၀**

ယခု ရောက်ရှိလာသည့် ဘက်ထရီအသုံးပြုယာဉ် အစီး ၅၀ သည် ရန်ကုန်မြို့ရှိ Asia World ဆိပ်ကမ်းသို့ ဇူလိုင် ၂၃ ရက်တွင် ရောက်ရှိပြီး ဆိပ်ကမ်းတွင် Import Declaration ဖွင့်လှစ်၍ အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါဘက်ထရီသုံး Three Wheel Motorcycle အစီး ၅၀ တွင် အမျိုးအစားကိုးမျိုး ပါဝင်ပြီး Asia Pacific Aotomaker Co Ltd. က တင်သွင်းလာခြင်း ဖြစ်ကြောင်းနှင့် ယခုရက်သတ္တပတ်အကုန်၌ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်တွင် မိုးရာသီ ဈေးရောင်းပွဲတော် စက်မှုထုတ်ကုန်ပြပွဲနှင့် EV ကားပြပွဲတွင်လည်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Asia Pacific Automaker Corporation Co., Ltd. မှ တင်သွင်းလာသော Dongfeng Voyah Free အမျိုးအစား လျှပ်စစ်သုံးယာဉ်နှစ်စီး၊ Dongfeng Voyah Dream အမျိုးအစား လျှပ်စစ်သုံးယာဉ်နှစ်စီး၊ N.P.K Motors Co., Ltd. မှ တင်သွင်းလာသော MG, MG5 အမျိုးအစားလျှပ်စစ်သုံးယာဉ် ငါးစီး စုစုပေါင်း လျှပ်စစ်သုံးယာဉ်ကိုးစီးနှင့် Asia Pacific Automaker Corporation Co., Ltd. မှ တင်သွင်းလာသော Jinpeng အမျိုးအစား လျှပ်စစ်သုံး သုံးဘီးမော်တော်ဆိုင်ကယ် အစီး ၅၀ သည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့် ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**ကဏ္ဍစုံလင်**

ဩဂုတ် ၅ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၃၁) တွင် စည်းကမ်းမလိုက်နာသည့်အတွက် ဘေးအန္တရာယ်နှင့်ကြုံတွေ့ခဲ့ရသော်လည်း နောင်တွင် စည်းကမ်းလိုက်နာပြီး လူကြီးမိဘတို့၏စကားကို နားထောင်သည့် ကျားလိမ္မာလေးတစ်ကောင်ဖြစ်သွားသော ပိုပိုအကြောင်း ရေးဖွဲ့ထားသည့် "စည်းကမ်းမလိုက်နာတဲ့ ပိုပို" မျက်နှာဖုံးကာတွန်း၊ ဗိုက်တာမင်စီနှင့်အမျှင်ဓာတ်များအပြင် ကျန်းမာရေးကို အထောက်အပံ့ဖြစ်စေသည့် ကယ်လ်ဆီယံနှင့် ပိုတက်ဆီယံ ဓာတ်သတ္တုတို့ပါဝင်သည့် ကီဝီသီးဖြစ်ပေါ်လာပုံအကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် " ကီဝီသီး အမည်တွင်ခဲ့ရပုံ" သုတ ဆောင်းပါး၊ သူတစ်ပါးဒုက္ခရောက်နေသည်ကို အကူအညီပေးခဲ့သောကြောင့် ဆရာ ဆရာမများ အပါအဝင် အတန်းဖော်သူငယ်ချင်းများကပါ အားကျလေးစားခြင်းခံရသောပေါက်ကျော်အကြောင်းကို သရုပ်ဖော်ထားသည့် "လိမ္မာတဲ့ပေါက်ကျော်" နှစ်မျက်နှာကာတွန်း၊ မောင်တမာသည် လောဘကြီးသော တောသူဌေးလင်မယား နှစ်ယောက်၏ သူရင်းငှားများအပေါ် မတရားခိုင်းစေကာ လုပ်အားအမြတ်ထုတ်ခြင်းကို ကောင်းစွာ သင်ခန်းစာပေးနိုင်ခဲ့ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "လောဘကိုအနိုင်ယူခြင်း" ပုံပြင်ကဏ္ဍ၊ အာတူးနှင့် သူ့ခွေးလေးကို ဟာသဖြစ်ဖွယ် သရုပ်ဖော်ထားသည့် "အာတူး" တစ်မျက်နှာကာတွန်း၊ အိမ်အပြန် ရထားစီးရာလမ်းတွင် သစ်ပင်များ၊ လယ်ကွက်များမှာ တရိပ်ရိပ် ကျန်နေခဲ့သော်လည်း သူငယ်ချင်း ဖိုးတေမှာမူ ကျွန်တော့်ရင်ထဲတွင် အမြဲရှိနေတော့မည်ဆိုသော မော်ဇာပြတိုက်သို့ သွားရောက်လည်ပတ်ခဲ့သည့် မောင်ဖော်နီဦးအကြောင်းကို ရေးဖွဲ့ထားသော "သူငယ်ချင်း ဖိုးတေ" ဝတ္ထုကဏ္ဍ၊ မိမိ၏ အပြောအဆို ကြမ်းတမ်းမှုကြောင့် မိဘများနှင့်အတူ ချောင်းသာကို လိုက်မသွားရဘဲ အိမ်တွင်ကျန်ခဲ့သော ကီးကီအကြောင်းကို ရေးဖွဲ့ထားသည့် "မရှိရင်တောင်း" နှစ်မျက်နှာကာတွန်း၊ Preposition (ဝိဘတ်) နှင့်ဆိုင်သော ပြန်လှန်လေ့ကျင့်ခန်း သင်ခန်းစာသစ်အချို့ကို တင်ဆက်ထားသည့် ဆရာ KML ၏ "ရွှေသွေး အင်္ဂလိပ်သဒ္ဒါ" ကဏ္ဍ၊ ရွှေသွေးတို့လက်ရာကဏ္ဍ၊ ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




❐ စာမျက်နှာ ၁၁ မှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ၂၀၂၃ ခုနှစ် မေလ ၃၁ ရက်နေ့တွင် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) စီမံကိန်းရှိ သံရည်ကျိုအလုပ်ရုံ Melt Shop-1 အတွင်း လျှပ်စစ်သံရည်ကျိုဌာန၌ သံရည်ကျိုလုပ်ငန်းဆောင်ရွက်နေမှု၊ စဉ်ဆက်မပြတ် သံရည်ကျိုပုံလောင်းဌာနမှ ကိုးမီတာအရှည်ရှိ သံမဏိလေးထောင့်တုံး( Steel Billets) များထုတ်လုပ်နေမှုကို အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Melt Shop-1 အတွင်း လျှပ်စစ်သံရည်ကျိုဌာနမှ ၂၀၂၃ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ပြန်လည်စတင်ထုတ်လုပ်ခဲ့သည့် သံမဏိလေးထောင့်တုံးအပေါ် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး စက်ရုံဝန်ထမ်းများအတွက် ဂုဏ်ပြုငွေများချီးမြှင့်ခြင်းနှင့် စက်ရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်ပပညာရှင်များအား သစ်သီးခြင်းလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ပံ့ပိုးမှု၊ စက်မှုဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ စွမ်းစွမ်းတမံဆောင်ရွက်မှုများကြောင့် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)စီမံကိန်းသည် ပြန်လည်စတင်လည်ပတ်နိုင်ခဲ့ပြီး မကြာမီသောကာလတွင် ထုတ်လုပ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။ စီမံကိန်းများ အပိုင်းလိုက်ဆောင်ရွက်ပြီးပါက သံချောင်းလုံးများ၊ Hot Roll Coil၊ Cold Roll Coil၊ Channel & Beam အမျိုးမျိုး၊ မီးရထားသံလမ်းများနှင့် ဖိအားမြင့်ပိုက်များ စသည့်သံမဏိထုတ်ကုန်အမျိုးမျိုးထုတ်လုပ်နိုင်တော့မည်ဖြစ်သည်။ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းမှာလည်း မကြာမီသောကာလအတွင်း ထုတ်လုပ်မှုလုပ်ငန်းများ စတင်ထုတ်လုပ်နိုင်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်နေကြောင်း သိရသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် သံမဏိလုပ်ငန်းများနှင့်ယှဉ်၍ သုံးသပ်နိုင်သော သမိုင်းကြောင်းတစ်ခုရှိခဲ့သည်ကို ဖော်ပြလိုသည်။ တစ်ချိန်သောအခါက စက်မှုဝန်ကြီးဌာနမှထုတ်လုပ်သည့် ဘိလပ်မြေသည် အရည်အသွေးကောင်းမွန်မှုကြောင့် တည်ဆောက်ရေးလုပ်ငန်းနယ်ပယ်တွင် မျက်နှာပန်းလှခဲ့သည်။ စက်ရုံထုတ်ဈေးနှင့် ပြင်ပဈေးကွက်ပေါက်ဈေးမှာ ကွာခြားသဖြင့် ကုန်သည်ပွဲစားများ စီးပွားဖြစ်ခဲ့ကြပြီး ထုတ်သမျှကုန်သည့် ထုတ်ကုန်ဖြစ်ခဲ့သည်။

**မြို့သစ်ကြီးများ၊ အမြန်လမ်းမကြီးများ**

နိုင်ငံတော်က ဈေးကွက်စီးပွားရေးစနစ်ကို လက်ခံကျင့်သုံးလာချိန်တွင် အချို့စက်ရုံ၊ အလုပ်ရုံများကို နိုင်ငံပိုင်ကဏ္ဍမှ ပုဂ္ဂလိကပိုင်ကဏ္ဍသို့ ပြုပြင်ပြောင်းလဲခဲ့သည်။ တည်ဆောက်ရေးလုပ်ငန်းမှာလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာရာ ပြည်တွင်းထုတ်ဘိလပ်မြေနှင့် မလုံလောက်၍ ပြည်ပမှတင်သွင်းရသည့် အခြေအနေသို့ရောက်ရှိခဲ့သည်။ ထိုသို့သောအခြေအနေတွင် ဘိလပ်မြေစက်ရုံများကို ပုဂ္ဂလိကနှင့် ဖက်စပ်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကပိုင်စက်ရုံများတည်ထောင်ပြီး ထုတ်လုပ်ခွင့်ပြုခဲ့သဖြင့် ပြည်ပတင်သွင်းမှုလျော့ကျခဲ့သည့်အပြင် သွင်းကုန်အတွက်ပေးချေရသည့် နိုင်ငံခြားငွေများစွာသက်သာစေခဲ့သည်။ ထိုစက်ရုံများ၏ အကျိုးကျေးဇူးကြောင့် လမ်းတံတားပေါင်းများစွာအပြင် နေပြည်တော်ကဲ့သို့ မြို့သစ်ကြီးများ၊ အမြန်လမ်းမကြီးများ ပေါ်ထွန်းလာခဲ့သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံရေးလုပ်ငန်းစဉ်များနှင့် စီးပွားရေးမူဝါဒများပါ တစ်ပြိုင်တည်း လိုက်ပါဆောင်ရွက်နိုင်ပါမှ ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည်။ နိုင်ငံရေးကတခြား၊ စီးပွားရေးကတစ်လမ်း သွားနေ၍မရပါ။ စီးပွားရေးကို နိုင်ငံရေးအသုံးချခံအဖြစ်ဆောင်ရွက်ပါက စီးပွားရေးမှာ သေသွားနိုင်သည်။ စာရေးသူ၏ တစ်ဦးတစ်ယောက်တည်းအမြင်အရ စက်မှုဝန်ကြီးဌာနရှိ စက်ရုံအလုပ်ရုံများအနက် သံမဏိစက်ရုံများ ရပ်နားလိုက်ရခြင်းကြောင့် နစ်နာဆုံးရှုံးမှုများသည် အကြီးမားဆုံးဖြစ်သည်။ စက်ရုံများကို ၂၀၁၇ ခုနှစ် မတ်လတွင် ရပ်ဆိုင်းခဲ့သဖြင့် ၂၀၂၃ ခုနှစ် မတ်လအထိ ရပ်ဆိုင်းကာလ ခြောက်နှစ်ခန့်ကြာမြင့်ခဲ့သည်။ ထိုကာလအတွင်း ကုန်ထုတ်လုပ်ငန်းဆောင်ရွက်မှုမရှိခဲ့ပါ။

အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ) အနေဖြင့် ၂၀၂၃ ခုနှစ် မတ်လ ၂၄ ရက်နေ့မှစတင်၍ ထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်စတင်နိုင်ခဲ့ပြီး မေလအထိ ထုတ်လုပ်မှုမှာ Steel Billet တန်ချိန် ၅၂၀ ဒသမ ၅၂ ဖြစ်သည့်အတွက် တန်ဖိုးအနေဖြင့် ၈၄၀ ဒသမ ၅၂ သန်းရှိသည်။ ပြန်လည်စတင်လည်ပတ်ထုတ်လုပ်ရသည့်အတွက် စက်စွမ်းအားပြည့်မထုတ်လုပ်နိုင်သည့်အခြေအနေတွင်ပင် ရရှိနိုင်သည့် ဝင်ငွေသည် များပြားလှသည့်အတွက် ခြောက်နှစ်ကြာရပ်တန့်ထားသည့်အချိန်တွင် ထုတ်လုပ်မှုများဆောင်ရွက်နိုင်ပါက ရရှိလာမည့်ဝင်ငွေနှင့် အကျိုးအမြတ်မှာ ကျပ်ဘီလီယံချီရှိမည်ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "မြန်မာနိုင်ငံအတွက် သံနှင့်သံမဏိလုပ်ငန်း ပြန်လည်နိုးကြားတစ်ခေတ်ဆန်းလာစေရေးနှင့် မြန်မာ့စက်မှုလုပ်ငန်း ပိုမိုတိုးတက်လာစေရေး အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)က အဓိကအင်အားစုအဖြစ် အားဖြည့်နိုင်ပါစေကြောင်း" ဆုမွန်ကောင်းတောင်းခဲ့သည်။ နိုင်ငံတော်၏စေတနာ စက်မှုဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှုများကြောင့် ၂၀၂၃ ခုနှစ် မေလ ၃၁ ရက်နေ့တွင် အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)စီမံကိန်းရှိ သံရည်ကျိုအလုပ်ရုံ Melt Shop-1 လျှပ်စစ်သံရည်ကျိုဌာနရှိ သံရည်ကျိုပုံလောင်းဌာနမှ ကိုးမီတာအရှည်ရှိ သံမဏိလေးထောင့်တုံးများ ထုတ်လုပ်နိုင်ခဲ့မှုကို ကြိုဆိုဂုဏ်ပြုလျက် ဤဆောင်းပါးဖြင့် ကမ္ပည်းတင်အပ်ပါသည်။ ။

**ကျမ်းကိုး**

- **စက်မှုသတင်းလွှာ၊ အတွဲ(၁) အတွဲ(၂)**
- **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁)ရက်နေ့ထုတ် ကြေးမုံသတင်းစာ**
- **အင်တာနက်သတင်းများ**

# ထိုင်းပါလီမန်က ဝန်ကြီးချုပ်ရွေးချယ်မဲပေးမှုကို ထပ်မံရွှေ့ဆိုင်း

ဗန်ကောက် ဩဂုတ် ၃

ထိုင်းပါလီမန်သည် ဩဂုတ် ၄ ရက်တွင် ကျင်းပပြုလုပ်ရန်စီစဉ်ထားသည့် ဝန်ကြီးချုပ်ရွေးချယ်မဲပေးမှုကို ထပ်မံရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

ရှေ့သို့လှမ်းချီပါတီခေါင်းဆောင် ပီတာလင်ဂျာရိုအန်ရတ်အား ဝန်ကြီးချုပ်ရာထူးနေရာခန့်အပ်ရေးနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက ၎င်း၏ဆုံးဖြတ်ချက်ချမှတ်မှုကို ရက်ရွှေ့ဆိုင်းလိုက်ပြီးနောက် ထိုင်းပါလီမန်က အထက်ပါအတိုင်း ကြေညာခဲ့ခြင်းဖြစ်သည်။



ပြီးခဲ့သည့်လက ပီတာလင်ဂျာရိုအန်ရတ်၏ ညွန့်ပေါင်းပါတီက အောက်လွှတ်တော်တွင် ထောက်ခံမဲအများစုနေရာရရှိထားသော်လည်း ပီတာလင်ဂျာရိုအန်ရတ်က ပါလီမန်အတွင်း ဝန်ကြီးချုပ်ရွေးချယ်ရာတွင် လုံလောက်သည့်ထောက်ခံမဲအရေအတွက်ကို မရရှိခဲ့ပေ။

ဒုတိယအကြိမ် ဝန်ကြီးချုပ်ရွေးချယ်ပွဲတွင် ခေါင်းဆောင် ပီတာလင်ဂျာရိုအန်ရတ် ပါဝင်ရွေးချယ်ခံခြင်းအပေါ် ကွန်ဆာဗေးတစ်လွှတ်တော်အမတ်များက ပိတ်ပင်ခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးကို ပြန်လည်သုံးသပ်နိုင်ရန် ပါလီမန်အရာရှိတစ်ဦးက တောင်းဆိုခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက အဆိုပါကိစ္စသည် ထိလွယ်ရှလွယ်ဖြစ်ခြင်းကြောင့် ဆုံးဖြတ်ချက်ချမှတ်ရန် အချိန်ပိုမိုလိုအပ်ကြောင်း ပြောကြားသည်။

တရားရုံးက ဆုံးဖြတ်ချက်ချမှတ်ပြီးမှသာ ဝန်ကြီးချုပ်ရွေးချယ်ပွဲကို ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဖွေထိုင်းပါတီသည် ရှေ့သို့လှမ်းချီပါတီပါဝင်ခြင်းမရှိဘဲ ညွန့်ပေါင်းအဖွဲ့သစ်ကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ဩဂုတ် ၂ ရက်တွင် ကြေညာခဲ့သည်။

ဖွေထိုင်းပါတီနှင့် ရှေ့သို့လှမ်းချီပါတီတို့သည် တော်ဝင်အသရေဖျက်မှုဥပဒေကို ပြင်ဆင်ရာတွင် သဘောထားကွဲလွဲမှုများရှိခဲ့သည်။

**ကြေညာချက်ကို ရက်ရွှေ့ဆိုင်းခဲ့**

ဖွေထိုင်းပါတီသည် ၎င်း၏ညွန့်ပေါင်းအဖွဲ့သစ်အဖွဲ့ဝင်များကို ဩဂုတ် ၃ ရက်တွင် ကြေညာရန်စီစဉ်ထားသော်လည်း ကြေညာချက်ကို ရက်ရွှေ့ဆိုင်းခဲ့သည်။

လာမည့် ဝန်ကြီးချုပ်ရွေးချယ်ပွဲတွင် ဖွေထိုင်းပါတီက အိမ်ခြံမြေ သူဌေးကြီး ဆီရီတာ သာဗီဆင်ကို အမည်စာရင်းတင်သွင်းရန် စီစဉ်ထားကြောင်း ဖွေထိုင်းပါတီက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံ နယူးယောက်မြို့တော်၌ ရွှေ့ပြောင်းနေထိုင်သူများအား နေရာထိုင်ခင်းစီစဉ်ပေးနိုင်ရန် အကူအညီတောင်းခံ

ဝါရှင်တန် ဩဂုတ် ၃

အမေရိကန်နိုင်ငံ နယူးယောက်မြို့တော်၌ လက်တင်အမေရိက နိုင်ငံများမှ ရွှေ့ပြောင်းနေထိုင်သူများ ဝင်ရောက်လာမှုကြောင့် ၎င်းတို့အား နေရာထိုင်ခင်းစီစဉ်ပေးနိုင်ရန်အတွက် ကူညီထောက်ပံ့မှုများပေးရန် ပြည်နယ်အစိုးရများနှင့် ဗဟိုအစိုးရအား နယူးယောက်မြို့တော်တာဝန်ရှိသူများက တောင်းဆိုထားကြောင်း သိရသည်။



တက္ကဆက်နှင့် အရီဇိုးနားပြည်နယ်များကဲ့သို့သော ရီပတ်ဘလီကန်ဦးဆောင်သည့် ပြည်နယ်အချို့သည် သမ္မတဂျိုးဘိုင်ဒင်၏ လူဝင်မှုကြီးကြပ်ရေးမူဝါဒကို ကန့်ကွက်သည့်အနေဖြင့် နယူးယောက်နှင့် အခြားမြို့များသို့ ရွှေ့ပြောင်းနေထိုင်သူများကို ဘတ်စ်ကားဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

ရွှေ့ပြောင်းနေထိုင်သူ ၁၀၀ ကျော်သည် နယူးယောက်မြို့ရှိ လူသွားစင်္ကြံများတွင် နေထိုင်ကာ နေထိုင်စရာနေရာများ စီစဉ်ပေးမှုကို စောင့်ဆိုင်းလျက်ရှိသည်။ နယူးယောက်မြို့အတွင်း၌ ၎င်းတို့အတွက် နေထိုင်စရာ စီစဉ်ပေးနိုင်မှုမရှိတော့ကြောင်း မြို့အာဏာပိုင်တစ်ဦးက ယမန်နေ့က သတင်းထောက်များကို ပြောကြားသည်။

ပြီးခဲ့သည့်နှစ် နွေဦးကာလကတည်းက ခိုလှုံခွင့်တောင်းခံသူ ၉၅၀၀၀ ကျော်သည်မြို့တွင်းသို့ဝင်ရောက်လာခဲ့ပြီး ၎င်းတို့အနက်မှ ၁၄၀၀၀ ခန့်သည် ပြီးခဲ့သောလအတွင်း ရောက်ရှိလာခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

နယူးယောက်မြို့သည် မည်သူ့ကိုမဆို နေထိုင်စရာ နေရာပေးရမည်ဆိုသည့် ဒေသန္တရစည်းမျဉ်းရှိခြင်းကြောင့် ရွှေ့ပြောင်းသူအများအပြားက နယူးယောက်မြို့ကို အဓိက လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များ လေ့လာရန် ဉာဏ်ရည်တုနည်းပညာမော်ဒယ်အသစ်တီထွင်

ပေကျင်း ဩဂုတ် ၃

တရုတ်နိုင်ငံမှ သုတေသီများသည် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များဖြစ်လာနိုင်ခြေကို ခန့်မှန်းနိုင်ရန် ဉာဏ်ရည်တုနည်းပညာမော်ဒယ်အသစ်တစ်မျိုးကို ဖန်တီးခဲ့ကြောင်း သိရသည်။

ပစိဖိတ်သမုဒ္ဒရာအတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များဖြစ်လာခြင်းဖြင့် ကမ္ဘာ့ရာသီဥတုကို ထိခိုက်နိုင်ရာ ၎င်းဖြစ်စဉ်များကို လျှော့ချနိုင်ရေးအတွက် သုတေသီများက ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်။ တရုတ်သိပ္ပံအကယ်ဒမီမှ သုတေသီများသည် အီကွေတာအနီး ပစိဖိတ်ဒေသရှိ ပင်လယ်ရေမျက်နှာပြင် အပူချိန်မြင့်တက်လာမှုကို ခန့်မှန်းရန်အတွက် နက်နဲသောအအေးပိုင်ဆိုင်ရာ သင်ယူမှုမော်ဒယ်ပုံစံအသစ်ကို တီထွင်ခဲ့သည်။

"ဒီလေ့လာမှုက ကမ္ဘာတစ်ဝန်းလုံးမှာ ဆိုးရွားတဲ့အကျိုးသက်ရောက်မှုတွေရှိနိုင်တဲ့ အယ်လ်နီညိုလိုမျိုး ရာသီဥတုဆိုင်ရာ အဖြစ်အပျက်တွေကို ခန့်မှန်းရာမှာအသုံးပြုနိုင်တဲ့ တိုးတက်လာတဲ့ အအေးပိုင်ရဲ့အလားအလာကို သက်သေပြနေပါတယ်"ဟု သုတေသီ Huang Ping က ပြောကြားသည်။ လေထုသိပ္ပံဆိုင်ရာလေ့လာမှုအရ ၎င်း AI မော်ဒယ်သည် အထူးသဖြင့် အီကွေတာအလယ်ပိုင်း ပစိဖိတ်သမုဒ္ဒရာ အနောက်အလယ်ပိုင်းရှိ ပင်လယ်မျက်နှာပြင် အပူချိန်မြင့်တက်မှုများကို ခန့်မှန်းရာတွင် ပိုမိုတိကျမှုရှိကြောင်း သိရသည်။

**ကိုးကား - စီဂျီတီအင်န်၊ ဘာသာပြန် - စိုးသူရ**

# ရုရှားနိုင်ငံက လဆင်းအာကာသယာဉ် Luna-25 ကို လွှတ်တင်မည်

မော်စကို ဩဂုတ် ၃

ရုရှားနိုင်ငံ၏ နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးလဆင်းအာကာသယာဉ် Luna-25 ကို ဩဂုတ် ၁၁ ရက်တွင် လကမ္ဘာသို့လွှတ်တင်မည်ဖြစ်ကြောင်း အာရ်အိုင်အေနိုဗိုစတီ သတင်းဌာနက ပြောကြားသည်။

၎င်းအာကာသယာဉ်ကို ရုရှားနိုင်ငံ Amur Oblast ဒေသရှိ ဗိုတိုနိုင်းအာကာသလွှတ်တင်ရေးစခန်းမှ မော်စကိုစံတော်ချိန် နံနက် ၂ နာရီ ၁၀ မိနစ်တွင် လွှတ်တင်မည်ဖြစ်ကြောင်း ၎င်းသတင်းဌာနက မှတ်ချက်ပြုသည်။

၁၉၇၆ခုနှစ်က လွှတ်တင်ခဲ့သည့် Luna-24 လဆင်းအာကာသယာဉ်သည် လကမ္ဘာမှ မြေဆီလွှာ ဂရမ် ၁၇၀ ကို ကမ္ဘာမြေပြင်သို့ ပြန်လည်သယ်ဆောင်လာခဲ့သည်။

၎င်းလဆင်းအာကာသယာဉ် Luna-25 တွင် ကမ္ဘာမြေပြင်သို့ ပြန်လာရန် အစိတ်အပိုင်းမပါရှိဘဲ လ၏တောင်ဝင်ရိုးစွန်းသို့ ဆင်းသက်သည့် သမိုင်းတစ်လျှောက် ပထမဆုံးသော လဆင်းအာကာသယာဉ်ဖြစ်လာမည်ဟု သိရသည်။ ၎င်းမစ်ရှင်၏ အဓိကတာဝန်များမှာ ပျော့ပျောင်းသော လကမ္ဘာပေါ်လဆင်းယာဉ်ဆင်းသက်ခြင်း၏ နည်းပညာများကို စမ်းသပ်လေ့လာရန်၊ လကမ္ဘာအတွင်းပိုင်းဖွဲ့စည်းပုံကို လေ့လာရန်နှင့် လကမ္ဘာရှိ ရေအပါအဝင် အရင်းအမြစ်များကို စူးစမ်းလေ့လာရန်ဖြစ်သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ဗီယက်နမ်နိုင်ငံ၌ နိုင်ငံ့တာဝန်ထမ်းဆောင်ရာတွင် ကျွမ်းကျင်သူများကို ဦးစားပေးမည်

ဟနွိုင်း ဩဂုတ် ၃

ဗီယက်နမ်အစိုးရသည် နိုင်ငံပိုင်အေဂျင်စီများဖြစ်သည့် သိပ္ပံနှင့်နည်းပညာ၊ ပညာရေးနှင့် ဆေးပညာကဲ့သို့သော အဓိကစက်မှုလုပ်ငန်းများတွင် ကျွမ်းကျင်သူများလုပ်ဆောင်နိုင်စေရန် ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း ဒေသတွင်းမီဒီယာက ယနေ့တွင် သတင်းရေးသားဖော်ပြသည်။

နိုင်ငံပိုင်အေဂျင်စီများတွင် အလုပ်လုပ်ကိုင်မည့်ပညာရှင် အရေအတွက်ကို နှစ်စဉ်အလုပ်လျှောက်ထားသူစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းထက်မနည်းရှိစေရေး ကြိုးပမ်းဆောင်ရွက်မည်ဟု ပြည်တွင်းသတင်းစာဖြစ်သည့် ဗီယက်နမ်နယူးစ်က ပြောကြားသည်။

ထူးချွန်မှုအရည်အချင်းသတ်မှတ်ရာတွင် ထူးချွန်သော ပညာရေးအောင်မြင်မှုများ၊ ထူးချွန်သောအဆင့်များဖြင့် ဘွဲ့ရရှိမှုများ၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့ရရှိထားသူများ၊ သုတေသနလုပ်ငန်းဆောင်ရွက်ရာတွင် ကျွမ်းကျင်သည့် ပါမောက္ခများပါဝင်ကြောင်း သိရသည်။

**စွမ်းဆောင်ရည်ရှိသူများလည်း ပါဝင်**

၎င်းတို့တွင် နိုင်ငံတွင်းနှင့် ပြည်ပတွင် လုပ်ငန်းအတွေ့အကြုံရှိသည့် ထူးချွန်ထက်မြက်သော စွမ်းဆောင်ရည်ရှိသူများလည်း ပါဝင်သည်။ ဗီယက်နမ်နိုင်ငံသည် ၎င်း၏ထိပ်တန်းတက္ကသိုလ်အချို့ကို အရည်အချင်းနှင့် အတွေ့အကြုံရှိသောကထိကများ၊ သိပ္ပံပညာရှင်များနှင့် စီးပွားရေးဆိုင်ရာ မန်နေဂျာများဖြင့် စုစည်းထားသည့် ဒေသတွင်းပညာရေးစင်တာများအဖြစ်သို့ ပြောင်းလဲသွားမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံရပ်ခြားတွင် 



နေထိုင်လျက်ရှိသော ဗီယက်နမ်နွယ်ဖွား ပါမောက္ခများနှင့် ထိပ်တန်းကျွမ်းကျင်သူများကို ဗီယက်နမ်နိုင်ငံ၌ အလုပ်လုပ်ကိုင်ရန် ဖိတ်ခေါ်မည်ဖြစ်သည်။ ယခုဆောင်ရွက်ချက်သည်နိုင်ငံ၏စက်မှုထွန်းကားရေးနှင့် ခေတ်မီတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်သည့် မကြာသေးမီက ထုတ်ပြန်ခဲ့သော အမျိုးသားမဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၅၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးတိုးတက်ပြီး ဝင်ငွေမြင့်မားသော နိုင်ငံဖြစ်လာရေး ရည်မှန်းထားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ဗန်းမော်ဆရာတော်ကြီး၏ အထိမ်းအမှတ်ပြတိုက် ထားရှိဖွင့်လှစ်သွားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မန္တလေး ဩဂုတ် ၃**

မဟာအောင်မြေမြို့နယ် ဗန်းမော်ကျောင်းတိုက်ကြီး၏ဦးစီးပဓာနမဟာနာယကနိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ၏ အထိမ်းအမှတ်ပြတိုက် ထားရှိဖွင့်လှစ်သွားရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးသာသနာရေးဦးစီးဌာန၊ တိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြတိုက်အဖြစ် ပြုလုပ်သွားရန် ရွေးချယ်ထား**

လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဗန်းမော်ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူခဲ့သည့် ဗန်းမော်ကျောင်းတိုက်အတွင်း အထိမ်းအမှတ်ပြတိုက်ထားရှိ ဖွင့်လှစ်သွားရေး အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကော်မတီများဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ဆရာတော်ဘုရားကြီး သာသနာ့တာဝန်များကိုထမ်းဆောင်ရင်း အမြဲသီတင်းသုံးတော်မူခဲ့သည့်ကျောင်းဆောင်နှင့် ဆရာတော်ဘုရားကြီး သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်ရင်း ပျံလွန်တော်မူသည်အထိ သီတင်းသုံးတော်မူခဲ့သည့် ဝိဇ္ဇာစရဏကျောင်းတော်တို့အား ပြတိုက်အဖြစ် ပြုလုပ်သွားရန် ရွေးချယ်ထားပါကြောင်း၊ နာယကအဖွဲ့ဆရာတော်ကြီးများ၏ ဩဝါဒများခံယူကာ ပြတိုက်အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဆရာတော်ဘုရားကြီး သက်ရှိစဉ်က ဗန်းမော်ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်ဆဲဖြစ်သည့် အာနန္ဒာပုံတူစေတီတော်အား ပြီးမြောက်သည်အထိ လိုအပ်ချက်များ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ စေတီအတွင်းပူဇော်ထားရှိမည့် ၂၅ ပိဿာ ငွေသားစေတီတော်အတွက် လိုအပ်မည့်ငွေအားလည်း ပံ့ပိုးဖြည့်ဆည်း လှူဒါန်းသွားမည်ဖြစ်ပါကြောင်း၊ ဆရာတော်ဘုရားကြီး၏ ဇာတိမြေ တောင်သာမြို့နယ် နဘဲကျေးရွာတွင် ဆရာတော်ဘုရားကြီးအားရည်စူး၍ စေတီတစ်ဆူ တည်ထားကိုးကွယ်သွားနိုင်ရေး လွမ်းစေတီပုံစံများ ရေးဆွဲလျက်ရှိပါကြောင်း၊ ဆရာတော်ဘုရားကြီး၏ အန္တိမစျာပနတွင် လှူဒါန်းထားသည့် အများကုသိုလ်လှူဒါန်းငွေများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ စနစ်တကျစီမံ သုံးစွဲသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြတိုက်ပြုလုပ်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်းက ပြတိုက်အတွင်းထားရှိသွားမည့် ဆရာတော်ဘုရားကြီး၏ ရုပ်တု၊ အသုံးအဆောင်၊ ကျမ်းစာအုပ်၊ ပြည်တွင်း ပြည်ပဘွဲ့များနှင့် မှတ်တမ်းဓာတ်ပုံများ၊ အသုံးအဆောင်ပစ္စည်းများ၊ ရေးသားခဲ့သည့် ကျမ်းစာအုပ်များ၊ ဖတ်ရှုလေ့လာခဲ့သည့် ကျမ်းစာအုပ်များ စသည်ဖြင့် အများပြည်သူလေ့လာနိုင်အောင် စုဆောင်းစီစဉ်ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗန်းမော်ကျောင်းတိုက်သို့ သွားရောက်ပြီး တိုက်အုပ်ဆရာတော် ဦးကောသလ္လအား ဖူးမြော်၍ ကျောင်းတိုက်အတွင်း ပြတိုက်ထားရှိဖွင့်လှစ်သွားရန် ပြတိုက်ပြုလုပ်ရန် ရွေးချယ်ထားသည့် ကျောင်းဆောင်နှင့်ပတ်သက်၍ ဩဝါဒများခံယူပြီး ပြတိုက်ပြုလုပ်မည့် ကျောင်းဆောင်နှင့် တည်ထားကိုးကွယ်ဆဲစေတီ ဆောင်ရွက်နေမှုများကိုကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး ကျင်းပ




**မုံရွာ ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး (၇/၂၀၂၃)ကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က မိမိတို့ တိုင်းဒေသကြီးရှိ ရွှေဘိုစက်မှု ဇုန်၊ မုံရွာစက်မှုဇုန်၊ ကလေးစက်မှုဇုန်၊ စစ်ကိုင်းစက်မှုဇုန်များတွင် စိုက်ပျိုးရေးအား အခြေခံသည့် ဆန်စက်၊ ဆီစက်၊ သကြားစက်၊ ကြာဆံ/ခေါက်ဆွဲ စက် အစရှိသည့် MSMEs စက်မှုလက်မှုလုပ်ငန်းများမှ တစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်များ စီးပွားဖြစ် ထုတ်လုပ်နိုင်သည်အထိ ရင်းနှီးမြှုပ်နှံကြရန် လုပ်ငန်းရှင်များကို ဖိတ်ခေါ်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့်လည်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဝင်ရောက်မှသာ ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးသွားနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များနှင့် လုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# အင်းစိန်ခရိုင်၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသားအလွတ်တန်း ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၃**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် မင်းကွန်းကျောင်းလမ်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာဝင်းအတွင်း၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောက်လုပ်ပေးခဲ့သော ရွှေအင်းစိန်မြက်ခင်းတု ဖူဆယ်ဘောလုံးကွင်းဖွင့်ပွဲနှင့် အင်းစိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသား (အလွတ်တန်း) ဖူဆယ်ဘောလုံးပြိုင်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါ ဖူဆယ်ဘောလုံးကွင်း၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇင်က အမှာစကား ပြောကြားပြီး ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒိုင်လူကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင် ဘောလုံးအားကစားသမားများအား လိုက်လံနှုတ်ဆက်သည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဘောလုံးကန်ကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါပြိုင်ပွဲကို ဩဂုတ် ၃ ရက်မှ ၈ ရက်အထိ ပြိုင်ပွဲဝင်ဘောလုံးအသင်း ၁၅ သင်းတို့က ဝင်ရောက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အနိုင်ရသည့်အသင်းများကို တံခွန်စိုက်ဆုနှင့် အခြားဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



# ကလေးမြို့၌ တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ကလေး ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက ကလေးတက္ကသိုလ်ရှိ ကဘော်(၃)ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာယောဟန်ထွန်းက နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့ပြီး ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတွာလ်ဆွင်းဗန်က လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်အကြောင်းအရာများကို ရှင်းလင်းမိတ်ဆက်ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းမင်းအောင် ဦးဆောင်၍ လူငယ်စကားဝိုင်းကိုကျင်းပခဲ့ရာ မောင်စောကျော်သူ (ဒုတိယနှစ်၊ ဓာတုဗေဒဌာန)က လူငယ်နှင့် ဖေ့စ်ဘွတ်၊ မမေသူအောင်(ဒုတိယနှစ်၊ ဂုဏ်ထူးတန်း၊ ဒဿနိကဗေဒ)က လူငယ်နှင့် စာအုပ်စာပေ၊ မစန္ဒာစိုး(ပထမနှစ်၊ မဟာဝိဇ္ဇာ၊ မြန်မာစာအထူးပြု)က လူငယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မောင်ဒေးဗစ်ထန်း(တတိယနှစ်၊ ဂုဏ်ထူးတန်း၊ သတ္တဗေဒဌာန)က လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# သုံးခွမြို့နယ်ရှိ ထုံးကြီးကျေးရွာအုပ်စု၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့သည့်နေရာများသို့ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ရှိ ထုံးကြီး ကျေးရွာအုပ်စု၌ ဩဂုတ် ၂ ရက် ညနေပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၁၅ လုံး အမိုးလန်ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်နေရာသို့ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် သန်လျင်တပ်နယ်မှ နယ်မြေခံ တပ်မတော်သားများက သွားရောက်၍ ပြိုကျပျက်စီးမှုများအား ကူညီရှင်းလင်းပေးခြင်း၊ သစ်ပင်သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းပေးခြင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်



နေပြည်တော် ဩဂုတ် ၃

ဆိုင်ကလုန်းမုန်တိုင်း မိုခါ ဖြတ်သန်း တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ စစ်ရေယာဉ်(မြစ်ကြီးနား)သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်အိတ် ၅၀၀၀၊ ရေစုပ်စက် အလုံး ၂၀၀၊ မီးစက် ၃၉၉ လုံး၊ မိုးကာတဲ အလုံး ၂၀၀၊ ခေါက်ဆွဲခြောက် ၃၉၇၉ ဖာ၊ ရေဆူပိုးသတ်ဆေးပြားပုံး ၅၀၀၊ ကလိုရင်းဒိုင်အောက်ဆိုက် ၁၉၉၉ ဘူး၊ ခရီးဆောင်ဆိုလာမီးအိမ် ၁၂၅ ဖာ၊ ခြင်ထောင်ဖာ ၄၀၀၊ စောင်ဖာ ၂၅၀၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးပစ္စည်းမျိုးစုံနှင့် အာဟာရမှုန့်များ ၁၆၁၆ ဖာ၊ ကျန်းမာရေးအသိပညာပေး စာအုပ် ၁၈ ဖာ၊ ပီနံနှစ်အိတ် စုစုပေါင်း ကုန်တန်ချိန် ၄၅၃ ဒသမ ၂ တန်ခန့်အား ရန်ကုန်မြို့ ဗိုလ်အောင်ကျော် ဆိပ်ကမ်းတံတား၌ တင်ဆောင်၍ စစ်တွေမြို့သို့ ထွက်ခွာသွားသည်။

အဆိုပါ စစ်ရေယာဉ်မှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများအား တာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့် ပြည်သူများထံသို့ အမြန်ဆုံး ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မိတ္ထီလာမြို့ အောင်ဆန်းမြို့သစ်ဈေးတွင် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး

မိတ္ထီလာ ဩဂုတ် ၃

မိတ္ထီလာမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အောင်ဆန်းမြို့သစ်ဈေးတွင် ဈေးရောင်းဈေးဝယ်များ ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးနှင့် သုံးစွဲမှုကင်းစင်ပပျောက်ရေး အသိပညာပေးလှုပ်ရှားမှုကို ယနေ့နံနက် ၉ နာရီက ပြုလုပ်သည်။

ဦးစွာ အောင်ဆန်းမြို့သစ်ဈေးအနီး မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမပေါ်တွင် ဖြတ်သန်းသွားလာသူများအား ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် သုံးစွဲမှုကင်းစင်ပပျောက်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များက ဖြန့်ဝေပေးသည်။

ဆက်လက်၍ အောင်ဆန်းမြို့သစ်ဈေးတွင် ဈေးရောင်းချသူများနှင့် ဈေးဝယ်လာသူများအား အသိပညာပေးလက်ကမ်းစာစောင်များနှင့် ပလတ်စတစ်အစားထိုး စားသောက်ကုန်ထုပ်ပိုးနိုင်သည့် အင်ဖက်များကို လှည့်လည်ဖြန့်ဝေပေးပြီး ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် သုံးစွဲမှုကင်းစင်ပပျောက်ရေး အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)



# အမျိုးသမီးတစ်ဦးကို လာအိုနိုင်ငံရှိ ငွေကြေးလိမ်လည်ရယူသောလုပ်ငန်းသို့ ပို့ဆောင်ရောင်းစား၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၃

အမျိုးသမီးတစ်ဦးကို လာအိုနိုင်ငံရှိ ငွေကြေးလိမ်လည်ရယူသော လုပ်ငန်းသို့ ပို့ဆောင်ရောင်းစား၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်နေ စိုးစိုး(ခ)မိုးမိုးဦး(ခ)ချစ်ချစ်နှင့် ဇာနည်မောင်တို့က တစ်မြို့တည်းနေ မ ----၊ ၂၄/၂၀၂၂ နှစ်၊ မ ----၊ ၂၄/၂၀၂၂ နှစ် နှင့်မ----၊၂၀/၂၀၂၂ နှစ်တို့ကို လာအိုနိုင်ငံရှိ ဂိမ်းဆိုင်တွင် အလုပ်ရမည်၊ တစ်လလျှင် လုပ်ခလစာ ကျပ် ၁၃ သိန်းခန့်ရရှိမည်ဟု ယုံကြည်အောင်ပြောဆိုပြီး လာအိုနိုင်ငံရှိ ငွေကြေးလိမ်လည်ရယူသော လုပ်ငန်းသို့ ပို့ဆောင်ရောင်းစား၍ ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် နတ်မောက်မြို့နယ် စိုင်ကောင်းနယ်မြေရဲစခန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်၍ မကွေးခရိုင်တရားရုံးသို့ တရားစွဲတင်ခဲ့ရာ ဇူလိုင် ၃၁ ရက်တွင် တရားခံ စိုးစိုး(ခ)မိုးမိုးဦး(ခ)ချစ်ချစ်နှင့် ဇာနည်မောင်တို့နှစ်ဦးကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဩဂုတ် ၃

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

မိုး/ဇလ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၃

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဩဂုတ် ၂ ရက်၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Than Aung”အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် မကျည်းတန်းရပ်ကွက်နေ သန်းအောင်(ခ)နန်းမဟာအား မွန်းလွဲ ၁ နာရီတွင် ရွှေကျင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၃**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ် အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ရွှေအင်းရိပ်သာကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မြို့မရွှေဂူကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ရွှေတောင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရိုးဂိုးကျောင်းဟောင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မဟာဗောဓိဗုဒ္ဓဂါယာကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ကောင်းဆုဝေကျောင်းတိုက်နှင့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ရှိ အောင်ဇေယျာမင်းကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ အောင်မြေရတနာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ရှမ်းစုဆီးဘန်နီကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်ရှိ ဥဿာပရိယတ္တိစာသင်တိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ သာသနာ့ရံသီပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ဓမ္မသိပ္ပံပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ပန်အုပ်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## တောင်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက် ကတ္တရာလမ်းဖွင့်ပွဲကျင်းပ

**တောင်ကြီး ဩဂုတ် ၃**

ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ကတ္တရာပံ့ပိုးကူညီမှုနှင့် ကျေးရွာပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာချင်းဆက် ကတ္တရာလမ်းဖွင့်ပွဲကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့နယ် အလက(ခွဲ)ပုံဆွေပင်၌ ကျင်းပသည်။



ဦးစွာ ပုံဆွေပင်-တခေါ့မွူး ကျေးရွာချင်းဆက် ကတ္တရာလမ်း (၀/၅)မိုင်ကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ဒေသခံပြည်သူတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ကတ္တရာလမ်းအား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တောင်ကြီးမြို့နယ် ဟမ်းဖိုးကျေးရွာတွင် ဟမ်းဆီး- ဟမ်းဖို့- ကန်းတန်-ဟမ်းကြီး-ဝင်းယကျေးရွာချင်းဆက် ကတ္တရာလမ်း(၁/၀)မိုင်ကိုပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ် လူမှုရေးရာဝန်ကြီး၊ ပြည်နယ် ဥပဒေချုပ်၊ ပအိုဝ်းအမျိုးသားအဖွဲ့မှတာဝန်ရှိသူတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ကတ္တရာလမ်းအားကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် နားဟီး(ရှေ့)-နားဟီး(နောက်)ကျေးရွာချင်းဆက် ကတ္တရာလမ်း (၀/၆)မိုင်ကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဒေသခံတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ကတ္တရာလမ်းအား ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တောင်ကြီးမြို့နယ် နားဟီးကျေးရွာ ဘက်စုံခန်းမတွင် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံရာ ဒေသခံနားဟီး (အရှေ့မြောက်) ကျေးရွာ၊ နားဟီး (အရှေ့ရွာ)၊ ဟမ်းဆီးကျေးရွာအုပ်စု၊ နောင်ပစ်ကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူများက ဒေသလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ဒေသခံပြည်သူများ၏ တင်ပြမှုများကို ဖြည့်ဆည်း ဆောင်ရွက်ပေးကာ ကျေးရွာများ ကိုယ်စားလှယ် ဦးခွန်သူရအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ပြည်နယ်ရန်ပုံငွေဖြင့် တခေါ့မွူးကျေးရွာ ရေကန်အတွက် ငွေကျပ်သိန်း၁၀၀ နှင့် ပြည်ထောင်စု ရန်ပုံငွေဖြင့် ဝင်း(ရှေ့)ကျေးရွာခန်းမအတွက် ငွေကျပ်သိန်း ၁၅၀ ကို ပေးအပ်ခဲ့ရာ ကျေးရွာတာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**သထုံ ဩဂုတ် ၃**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၉ နာရီက လိပ်အင်းရပ်ကွက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန သထုံခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက အမှာစကားပြောသည်။

ဆက်လက်၍ စကားဝိုင်းကိုကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက အစီအစဉ်တင်ဆက်သူအဖြစ်ဆောင်ရွက်ပြီး နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ Grade-10 နှင့် Grade -12 ကျောင်းသား ကျောင်းသူ လေးဦးတို့က "လူငယ်နှင့်ပညာရေး"၊ "လူငယ်နှင့် အောင်မြင်မှု"၊ "လူငယ်နှင့် စာဖတ်ခြင်း"၊ "လူငယ်နှင့် မူးယစ်ဆေးဝါး" ခေါင်းစဉ်တို့ဖြင့် စာရေးသူ၏ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အတွေးအခေါ်များကို မျှဝေဆွေးနွေးကြရာ အစီအစဉ်တင်ဆက်သူနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ တာဝန်ရှိသူများက ပြန်လည်ဖြည့်စွက်ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင်များနှင့် သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၈-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၂၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၃၅ | ၂၁၇၅ | ၂၂၀၀ | ၂၁၈၀ | ၂၁၆၀ | ၂၂၆၀ | ၂၂၇၅ | ၂၁၆၅ | ၂၁၇၅ | ၂၂၁၀ | ၂၂၁၅ | ၂၂၁၅ | ၂၄၄၅ | ၃၁၂၀ |
| 95 Ron | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၄၅ | ၂၂၈၅ | ၂၃၁၀ | ၂၂၉၅ | ၂၂၇၀ | ၂၃၇၀ | ၂၃၈၅ | ၂၂၈၀ | ၂၂၉၅ | ၂၃၂၅ | ၂၃၂၅ | ၂၃၂၅ | ၂၅၅၅ | ၃၂၂၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၅ | ၂၅၅၅ | ၂၅၅၀ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၉၀ | ၂၇၂၀ | ၃၂၂၀ |
| HSD (50 ppm) | ၂၄၇၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၈၅ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၁၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၆၀ | ၂၅၆၅ | ၂၇၉၅ | ၃၂၈၀ |
| HSD (10 ppm) | ၂၄၇၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၈၅ | ၂၅၂၅ | ၂၅၄၅ | ၂၅၄၅ | ၂၅၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၁၅ | ၂၅၃၀ | ၂၅၆၀ | ၂၅၆၀ | ၂၅၆၅ | ၂၇၉၅ | ၃၂၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၂၀ | ၂၀၉၄ |
| 95 Ron | ၂၁၂၈ | ၂၂၀၄ |
| HSD (500 ppm) | ၂၂၈၅ | ၂၃၆၀ |
| HSD (50 ppm) | ၂၃၅၉ | ၂၄၃၆ |
| HSD (10 ppm) | ၂၃၅၉ | ၂၄၃၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ရေချောတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်းဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များ ဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## မြောင်မြို့ ဆင်ရှင်ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပြန်လွန်တော်မူ

**နေပြည်တော် ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့ မြောက်ရပ်ကွက် ဆင်ရှင်ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်ကြီးသည် သက်တော် ၈၈ နှစ်၊ သိက္ခာတော် ၆၈ ဝါအရ ၁၃၈၅ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်၊ ၂-၈-၂၀၂၃ ရက်၊ (ဗုဒ္ဓဟူးနေ့)၊ ည (၁၀:၃၀)နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မြစ်ကြီးနားမြို့၊ လားရှိုးမြို့၊ တန့်ယန်းမြို့နှင့် ကျိုက်မရောမြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နယ်လှည့်ဆေးကုသရေးအဖွဲ့များက တန့်ယန်းမြို့နယ်၌ ရဟန်းသံဃာ၊ ရှင်သာမဏေများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အံတော်ရှင် တောင်တန်းသာသနာပြုကျောင်းတိုက်၌ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော် ၅၅ ပါးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်ခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁၁)ရပ်ကွက်ရှိအောင်မင်္ဂလာနမ့်ဆန်ကျောင်းတိုက်နှင့် တန့်ယန်းမြို့ရှိ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်တို့မှ သံဃာတော် ၂၆၉ ပါး၊ သာသနာ့နွယ်ဝင် သီလရှင် ငါးပါးနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၂၈၀ တို့ကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က သတ်မှတ်နေရာများ၌ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် မွန်ပြည်နယ် ကျိုက်မရောမြို့ရှိ မြဆည်းဆာပရိယတ္တိစာသင်တိုက် ဘိုးဘွားများ ခိုလှုံရာရိပ်သာနှင့် မိဘမဲ့ဂေဟာရှိ ဘိုးဘွား ၃၉ ဦး၊ ကလေးငယ် ၁၉ ဦးနှင့် ကျောင်းသား ကိုးဦးတို့ကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါ စာသင်တိုက်၌ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဆီးချို/ သွေးချို စစ်ဆေးပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော် ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သက်ဆိုင်ရာ ကျောင်းတိုက် ဆရာတော်များအား ဖူးမြော်ကြည်ညို၍ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဩဂုတ် ၃**

ဆိုင်ကလုန်း မုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ် ရောင်းချပေးလျက်ရှိသည်။



ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင်၊ အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့၊ ဆင်ရှင်ကျောင်း ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့၊ မြောက်ရပ်ကွက်၊ ခမည်းတော်ဦးညွန့်+မယ်တော် ဒေါ်ထွန်းဆိုင်တို့မှ ၁၂၉၇-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၄)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၈ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့၊ ဆင်ရှင်ကျောင်းတိုက်ဆရာတော်ကြီးဘဒ္ဒန္တပညာကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေပြုခဲ့ပါသည်။ ၁၃၁၇-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၅)ရက်နေ့တွင် ဆင်ရှင်ကျောင်းတိုက်ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တရေဝတကို ဥပဇ္ဈာယ်ပြု၍ ဒေါ်လှဖြူ (သား)ဦးအောင်ဒင်+ ဒေါ်ရင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ဆင်ရှင်ကျောင်းတိုက်ဆရာတော် စစ်ကိုင်းတောင်ရိုး၊ လေးကျွန်းချမ်းသာချောင်ဆရာတော်၊ မန္တလေးမြို့ မဟာနန္ဒိသေနာရာမ ဆရာတော်၊ ဘုရားကြီးတိုက်ဆရာတော်၊ အမရပူရဆရာတော်၊ နယားဆရာတော်၊ တာရာမင်းကျောင်းဆရာတော်၊ မော်လမြိုင်မြို့၊ ဒေါ်ပုကျောင်းဆရာတော်၊ တောင်သမန်ဆရာတော် ဘဒ္ဒန္တကေသဝ၊ ပခုက္ကူ ဆရာတော် ဘဒ္ဒန္တသုန္ဒရစသည့် ဆရာတော်များထံမှ ပရိယတ္တိ စာပေများကို သင်ယူဆည်းပူးခဲ့ပြီး **“သာသနဓဇဓမ္မာစရိယ၊ စေတိယင်္ဂဏဓမ္မာစရိယ”**ဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြောင်မြို့နယ် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ မြောင်မြို့နယ် သံဃနာယက အဖွဲ့အကျိုးတော်ဆောင်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတခရေဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီ ပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၂-ခုနှစ်တွင် **“အဂ္ဂမဟာပဏ္ဍိတ”** ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည်သာသနာတော်အကျိုးကိုသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၈)နှစ်၊ သိက္ခာတော် (၆၈)ဝါအရ ၁၃၈၅-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၁)ရက်၊ (၂-၈-၂၀၂၃)၊ ဗုဒ္ဓဟူးနေ့၊ ည (၁၀:၃၀)နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းသာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလားအတွက် ၁၀ မြို့နယ်မှ အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၃

၂၀၂၃ ခုနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလားအတွက် ၁၀ မြို့နယ်မှ အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ် အားကစားခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသား နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲဖြစ်သော မုဒုံမြို့နယ်အသင်းနှင့် မော်လမြိုင်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲကို ဩဂုတ် ၇ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၃

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဘီးလင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**သံတွဲချောင်း စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ သံတွဲချောင်းရေသည် သံတွဲမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် သံတွဲမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

**❍ MNL ပြိုင်ပွဲမှ**

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းအပြောင်းအလဲ ပြုလုပ်ထားသော်လည်း နိုင်ငံခြားသားသုံးဦးအပါအဝင် အမာခံကစားသမားအများစု ပါဝင်ပြီး ရှောဝတီအသင်းကလည်း လူစုံအသုံးပြုခဲ့သည်။ ပွဲအစ ၁ မိနစ်တွင် မြတ်ကောင်းခန့်၏ သွင်းဂိုးဖြင့် ရှမ်းယူနိုက်တက်အသင်း အဖွင့်ဂိုးရခဲ့ပြီး ပွဲကို ထိန်းချုပ်နိုင်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် တိုက်စစ်အသားပေးကစားခဲ့သလို ရှောဝတီခံစစ်မှာလည်း လိုအပ်ချက်များရှိခဲ့သဖြင့် ပထမပိုင်းမှာပင် ငါးဂိုးအထိ ခွင့်ပြုခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းအတွက် နောက်ထပ်အနိုင်ဂိုးများကို ၂၃ မိနစ်တွင် မြတ်ကောင်းခန့်၊ ၃၂၊ ၃၄ မိနစ်တွင် မတ်ခ်ဆာကီ၊ ၄၃ မိနစ်တွင် ရဲရင့်အောင်တို့က သွင်းယူသည်။

ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက အနိုင်ရလဒ်ကို ထိန်းကစားခဲ့ပြီး ရှောဝတီအသင်းအတွက် နှစ်သိမ့်ချေပဂိုးတစ်ဂိုးကို မိနစ် ၈၀ တွင် ရာဇာအောင်က သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို ရှမ်းယူနိုက်တက်ကွင်းလယ်ကစားသမား မြတ်ကောင်းခန့်က ရရှိသည်။ ယခုပွဲအပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၁၅ ပွဲကစား ၄၁ မှတ်၊ ရှောဝတီအသင်းက ၁၅ ပွဲကစား ၁၅ မှတ်ရရှိထားသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်နှင့် ဒဂုံစတားအသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို ဒဂုံစတားယူနိုက်တက်ဂိုးသမား ဇင်ညီညီအောင်က ရရှိသည်။ ယခုပွဲအပြီးတွင် မဟာယူနိုက်တက်အသင်းက ၁၅ ပွဲကစား ၂၂ မှတ်၊ ဒဂုံစတားအသင်းက ၁၅ ပွဲကစား ၁၈ မှတ်ရရှိထားသည်။

ပွဲစဉ် (၁၅) ဒုတိယနေ့အဖြစ် ဩဂုတ် ၄ ရက်(ယနေ့)တွင် သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ YUSC ကွင်း၌ မြဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MNL**

**✪ ကျောဖုံးမှ**

ရောင်းချမှာမဟုတ်ဘူးလို့ ပြီးခဲ့တဲ့သီတင်းပတ်အတွင်းက ပြောကြားခဲ့တာကြောင့် အပြောင်းအရွှေ့ကိစ္စ အောင်မြင်မှုမရှိခဲ့တာဖြစ်ပေမယ့် လက်ရှိအချိန်မှာတော့ ပေါင် ၇၇ သန်းနဲ့ သဘောတူညီမှုရရှိခဲ့တာဖြစ်ပါတယ်။

ဂျီဗာဒီယိုးလ်ဟာ ခရိုအေးရှားနိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ ၂၁ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ခရိုအေးရှားအသင်းကို တတိယနေရာ ရရှိအောင် စွမ်းဆောင်ပေးခဲ့တဲ့ကစားသမားတွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်ပါတယ်။

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာကတော့ အသင်းရဲ့ နောက်တန်းခံစစ်ပိုင်းမှာ ရူဘင်ဒိုင်ယက်စ်၊ အေကန်ဂျီ၊ နက်သန်အကဲတို့နဲ့အတူ ဂျီဗာဒီယိုးလ်ကို တွဲဖက်အသုံးပြုဖို့ စီစဉ်ထားတယ်လို့ ဆိုပါတယ်။

**ငွေကြယ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၃

| | | |
|---|---|---|
| ကော့ကရိတ် | ၆ ဒသမ ၄၂ | လက်မ |
| မိုးကောင်း | ၅ ဒသမ ၇၁ | လက်မ |
| ပေါင် | ၅ ဒသမ ၀၄ | လက်မ |
| ဘားအံ | ၄ ဒသမ ၃၀ | လက်မ |
| ဘိုကလေး | ၄ ဒသမ ၂၅ | လက်မ |
| ပိုင်ကျုံ | ၃ ဒသမ ၇၀ | လက်မ |
| မော်လမြိုင် | ၃ ဒသမ ၆၂ | လက်မ |
| ထားဝယ် | ၃ ဒသမ ၅၄ | လက်မ |

မိုး/ဇလ

**ကုန်သွယ်/စီးပွား**

## မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မြဝတီ ဩဂုတ် ၃

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ ၂၉-၇-၂၀၂၃ ရက်မှ ၃၁-၇-၂၀၂၃ ရက်ထိ ပို့ကုန်တင်ပို့မှုအနေဖြင့် ပြောင်း၊ မတ်ပဲ၊ ကြက်သွန်နီ၊ ရေထွက်ကုန်များဖြစ်သည့် ငါးကြင်း၊ ငါးရှဉ့်၊ ပုစွန်၊ ငါးခွေးလျှာတို့အပြင် ဂေါ်ဖီထုပ်၊ ငရုတ်၊ ဖိနပ်နှင့် CMP ပစ္စည်းများဖြစ်သည့် အမျိုးသား/ အမျိုးသမီး အဝတ်အထည်များ တင်ပို့ခဲ့သည်။

ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်ထိ အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ CMP၊ ပြောင်း၊ ငရုတ်၊ ကြက်သွန်နီ၊ ဂေါ်ဖီထုပ်၊ ဖိနပ်၊ ရေထွက်ကုန်ပစ္စည်းနှင့် အခြားပစ္စည်းတို့ဖြစ်သည်။

ယခုအခါ ထိုင်းနိုင်ငံမှ စားသောက်ကုန်လုပ်ငန်းများကို တွင်ကျယ်စွာ ဆောင်ရွက်လာမှုနှင့်အတူ စားသုံးရန်လိုအပ်ချက်ကြောင့် စားသောက်ကုန်ပစ္စည်းကုန်ကြမ်းဝယ်လိုအား မြင့်တက်နေ၍ လတ်တလောကာလများတွင် ပိုမိုတင်ပို့နိုင်ခဲ့သည်။

ပုပ်သိုးပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီ၊ ဂေါ်ဖီထုပ်နှင့် ငရုတ်များကို လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ရေးအတွက် လိုင်စင်ထုတ်ပေးခြင်း၊ ကုန်ပစ္စည်းစစ်ဆေးမှုများတွင် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် တိရစ္ဆာန်အစာ၊ တိရစ္ဆာန်ဆေး၊ စက်ဘီး၊ အဝတ်အထည်၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးဝါး၊ ထုပ်ပိုးခွံပစ္စည်းများ၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်၊ ဖိနပ်၊ သစ်သီးမျိုးစုံ၊ အထည်ချုပ်၊ ဓာတ်မြေဩဇာ၊ အိမ်သုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ စက်နှင့်စက်ပစ္စည်းကိရိယာများ၊ အိမ်သုတ်ဆေး၊ စက်ဆီ/ ချောဆီ ကုန်ကြမ်းပစ္စည်း၊ ယန္တရားစက်ပစ္စည်းများ၊ ငါးဖမ်းပစ္စည်း၊ စက်ဆီ/ချောဆီ၊ လူသုံးကုန်ပစ္စည်းများနှင့် အခြားပစ္စည်းတို့ တင်သွင်းခဲ့သည်။

၂၂-၇-၂၀၂၃ မှ ၂၈-၇-၂၀၂၃ ရက်အထိ အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ပြောင်း ၂၀၁၄၂ ဒသမ ၉၆၄ တန်၊ ချုပ်ပြီးအထည် ၁၄ ဒသမ ၉၄၇ တန်၊ ကြက်သွန်နီ ၁၃၂၅ တန်၊ သတ္တုနှင့်သတ္တုရိုင်း ၁၅၂ တန်၊ ငရုတ်သီး(အစို) ၆၆၅ ဒသမ ၁၄၃ တန်၊ ငရုတ်သီး(ခြောက်) ၈၅ ဒသမ ၁၇၅ တန်၊ ဂေါ်ဖီထုပ် ၆၀၆ တန်၊ ငါးမျိုးစုံ ၇၁ ဒသမ ၄၇၀ တန်၊ မတ်ပဲ ၆၄ တန်နှင့် အခြားရေထွက်ပစ္စည်း ၄ ဒသမ ၈ တန်တို့ဖြစ်သည်။

ငွေဈေးနှုန်းအနေဖြင့် ယခုအပတ်တွင် တစ်ဘတ်လျှင် ၉၇ ဒသမ ၀၉ ကျပ်ဖြစ်ကြောင်း သိရသည်။

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၃၆၁ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၉၈ ဒသမ ၉၈၁ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၄၄ ဒသမ ၃၄၁ သန်း ဆောင်ရွက်နိုင်ခဲ့သည်။



## ရွှေဘိုခရိုင်၌ နှမ်းနက်ဈေးနှုန်း အနည်းငယ်မြင့်တက်

ရွှေဘို ဩဂုတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ ပဲ၊ နှမ်းကုန်စည်ဒိုင်သို့ မေလ စတုတ္ထပတ်မှစတင်၍ နွေနှမ်းများ စတင်ဝင်ရောက်လာပြီး ဇူလိုင်လနောက်ဆုံးပတ်အထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဇူလိုင်လနောက်ဆုံးပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းမှာ နှမ်းနက်တစ်တင်းလျှင် ကျပ် ၁၀၃၃၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း တင်း ၆၀၀၊ တန်အားဖြင့် ၁၅ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇူလိုင်လတတိယပတ်တွင် နှမ်းနက်တစ်တင်းလျှင် ကျပ် ၉၅၀၀၀ ပေါက်ဈေးရှိခဲ့ရာ ဇူလိုင်လတတိယပတ်နှင့် နောက်ဆုံးပတ် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းတို့ကို နှိုင်းယှဉ်ပါက ဇူလိုင်လ နောက်ဆုံးပတ်တွင် နှမ်းနက်တစ်တင်းလျှင် ကျပ် ၈၃၀၀ ဈေးနှုန်းပိုမိုခဲ့ပြီး နှမ်းဈေးနှုန်း အနည်းငယ်မြင့်တက်လာကြောင်း သိရသည်။

**သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

## ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့ အလှူငွေများထည့်ဝင်၊ လှူဒါန်းစာရင်းပေးထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

| စဉ် | သာသနာ့ဗိမာန်တော် အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၂၁၂။ | Mr. Nguyen Thi Hung(Alphavina Co.,Ltd)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၁၃။ | Mr. Nguyen Nam နှင့်မိသားစု (MYGO Myanmar Logistic Co.,Ltd)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၁၄။ | Mr.Ngo Duc (Viettel Construction Myanmar Co.,Ltd) | ၁၀၀၀၀၀၀ |
| ၂၁၅။ | Mr.Nguyen Viet Tan(Myanmar International Co.,Ltd) ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၁၆။ | Mr. Le Hong Giang(BAAN Steel Factory Co.,Ltd) ကောင်းမှု | ၅၀၀၀၀၀ |
| ၂၁၇။ | ဦးစည်သူလှဦးနှင့်မိသားစု(Camel Co.,Ltd)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၁၈။ | ဦးဝေဖြိုးဆန်းနှင့်မိသားစု(KME Co.,Ltd)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၁၉။ | ဦးသန်းဇော်ဝင်းနှင့်မိသားစု(Kyaw and Than Co.,Ltd) ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၂၀။ | ဦးမောင်မောင်တင်နှင့်မိသားစု(Leo Co.,Ltd)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၂၁။ | ဒေါ်ဇူဇူပိုင်နှင့်မိသားစု(Myint Universe Co.,Ltd)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၂၂။ | ဦးဇော်လင်းခိုင်နှင့်မိသားစု(Shwe Myint Mo Htoo Co.,Ltd) ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၂၃။ | ဦးကျော်စွာအောင်နှင့်ဇနီး ဒေါ်မေနန်းမိသားစု (Thenadi Trading Co.,Ltd)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၂၄။ | ဒေါ်အိမွန်ခိုင်နှင့်မိသားစု (Royal Htun Padathar Co.,Ltd)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၂၅။ | ဦးဇေယျာဦး၊ ဦးတေဇာထွန်းမိသားစု(SKBO Co.,Ltd)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၂၆။ | ဦးအောင်သူနှင့်မိသားစု (U THAMADI INTERNATIONAL Co.,Ltd)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၂၇။ | ဦးထွန်းလင်းစိုးနှင့်မိသားစု (Aryan Land Trading Co.,Ltd)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၂၈။ | ဦးကြည်ဆိုင်နှင့်မိသားစု(သာယာဦးကုမ္ပဏီ)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၂၉။ | ဦးမြင့်ဇော်လင်းနှင့်မိသားစု(နဒီရွှေဝါကုမ္ပဏီ)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၃၀။ | ဦးရဲမင်းဦးနှင့်မိသားစု (Htun Nay Wun Thitsar Co.,Ltd)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၃၁။ | ဦးညွန့်ဝေနှင့်မိသားစု(ထွန်းညီလူကုမ္ပဏီ)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၃၂။ | ဦးမောင်မောင်လွင်နှင့်မိသားစု(Latt Min Moe Co.,Ltd) ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၃၃။ | ဦးပြည့်လင်းအောင်နှင့်ဇနီး ဒေါ်သော်တာတင့်ဆန်း မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၃၄။ | ဦးမျိုးသွင်နှင့်မိသားစု(မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်း)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၃၅။ | ဦးထက်အောင်နှင့်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၃၆။ | ဒေါက်တာဦးညီလှငယ်နှင့်မိသားစု (အင်ဂျင်နီယာကောင်စီ)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၃၇။ | ဒေါက်တာတိုးတိုးဝင်းနှင့်မိသားစု (အင်ဂျင်နီယာကောင်စီ)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၃၈။ | ဦးဇာလီချမ်းနှင့်မိသားစု(အင်ဂျင်နီယာကောင်စီ)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၃၉။ | သုမဏ္ဍသိင်္ဂီ ဒေါ်တင်တင်ခိုင်နှင့်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၄၀။ | သီဟသုမဏ္ဍသိင်္ဂီ ဒေါ်အေးညိုနှင့်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၄၁။ | ဒေါ်ဆုဆုတင်နှင့်မိသားစု (Agga Medical Enterprise Co.,Ltd)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၄၂။ | ဒေါက်တာမူမူဝင်းနှင့်မိသားစု (Myanmar Booster Distribution Co.,Ltd)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၄၃။ | ဒေါ်ငွေရည်ဝင်းနှင့်မိသားစု (Ngwe Yaung Ci Gems Co.,Ltd)ကောင်းမှု | ၁၀၀၀၀၀၀ |
| ၂၄၄။ | မောင်သစ်ထူးအောင်နှင့်မိသားစုကောင်းမှု | ၇၀၀၀၀၀ |
| ၂၄၅။ | ဦးညီညီအောင်နှင့်ဇနီး ဒေါ်ကြူကြူမာမိသားစုကောင်းမှု | ၇၀၀၀၀၀ |
| ၂၄၆။ | ဦးစက်ချိုနှင့်ဇနီး ဒေါ်ခင်နီလာဝင်းမိသားစုကောင်းမှု | ၇၀၀၀၀၀ |
| ၂၄၇။ | ဦးအောင်သူရနှင့်မိသားစု(Brave Land Co.,Ltd)ကောင်းမှု | ၅၀၀၀၀၀ |
| ၂၄၈။ | ဒေါ်ဝင်းလှဲ့အေးမိသားစု(Aung Thein Than Co.,Ltd) ကောင်းမှု | ၅၀၀၀၀၀ |
| ၂၄၉။ | ဦးဥက္ကာသန်းဌေးနှင့်မိသားစု(Asia Strength Group Co.,Ltd) ကောင်းမှု | ၅၀၀၀၀၀ |
| ၂၅၀။ | ဦးမြင့်မြတ်အောင်မြင့်နှင့်မိသားစု(Blue Mega Co.,Ltd)ကောင်းမှု | ၅၀၀၀၀၀ |
| ၂၅၁။ | ဒေါ်ရည်မွန်သန်းဌေးနှင့်မိသားစု (Precious Paradise Co.,Ltd)ကောင်းမှု | ၅၀၀၀၀၀ |
| ၂၅၂။ | ဦးမြတ်စိုးဝင်းနှင့်မိသားစု(Techno Land Co.,Ltd)ကောင်းမှု | ၅၀၀၀၀၀ |
| ၂၅၃။ | ဦးတေဇယုကြည်နှင့်မိသားစု(Triumph Seven Co.,Ltd)ကောင်းမှု | ၅၀၀၀၀၀ |
| ၂၅၄။ | ဦးကိုကိုခိုင်နှင့်မိသားစု(Aung Thaung Htet Co.,Ltd)ကောင်းမှု | ၅၀၀၀၀၀ |
| ၂၅၅။ | ဦးနီနှင့်ဇနီး ဒေါ်ဝါရွှင်မိသားစု(သဇင်ပုံနှိပ်လုပ်ငန်း)ကောင်းမှု | ၅၀၀၀၀၀ |
| ၂၅၆။ | ဦးစိုင်းရဲဟိန်းနှင့်မိသားစု(SOFU Co.,Ltd)ကောင်းမှု | ၅၀၀၀၀၀ |
| ၂၅၇။ | ဦးကျော်မင်းနိုင်နှင့်မိသားစု(Gulf Power Co.,Ltd)ကောင်းမှု | ၅၀၀၀၀၀ |
| ၂၅၈။ | ဦးလင်းနိုင်နှင့်မိသားစု(Myanmar Kaido Co.,Ltd)ကောင်းမှု | ၅၀၀၀၀၀ |
| ၂၅၉။ | ဦးမောင်မောင်နှင့်မိသားစု(Kyue Yint Thwe Co.,Ltd)ကောင်းမှု | ၅၀၀၀၀၀ |
| ၂၆၀။ | ဦးသက်ပိုင်ဝင်းနှင့်မိသားစု (Golden TMH Co.,Ltd)ကောင်းမှု | ၅၀၀၀၀၀ |
| ၂၆၁။ | ဦးမြင့်ဦးနှင့်မိသားစု(ဝတီပိုင်ကုမ္ပဏီ)ကောင်းမှု | ၅၀၀၀၀၀ |
| ၂၆၂။ | ဦးမျိုးကျော်နှင့်ဇနီး ဒေါ်သီတာဝင်းမိသားစု (ရှင်းသန့်သစ္စာကားအရောင်းပြခန်း)ကောင်းမှု | ၅၀၀၀၀၀ |
| ၂၆၃။ | ဦးတင်အောင်လွင်နှင့်မိသားစု(Aorta Co.,Ltd)ကောင်းမှု | ၅၀၀၀၀၀ |
| ၂၆၄။ | ဦးနေလင်းအောင်နှင့်မိသားစု(Amazing 9 Co.,Ltd)ကောင်းမှု | ၅၀၀၀၀၀ |
| ၂၆၅။ | ဦးတေဇာမြင့်စိန်နှင့်မိသားစု(Global Goahead Co.,Ltd)ကောင်းမှု | ၅၀၀၀၀၀ |
| ၂၆၆။ | ဦးဇော်ဝင်းညွန့်နှင့်မိသားစု(Glod Lite Myanmar Co.,Ltd)ကောင်းမှု | ၅၀၀၀၀၀ |
| ၂၆၇။ | ဦးရန်ပိုင်ကျော်နှင့်မိသားစု (Magnifico Swe Mon Toe Co.,Ltd)ကောင်းမှု | ၅၀၀၀၀၀ |
| ၂၆၈။ | ဒေါ်ယဉ်မေသန်းနှင့်မိသားစု(Meditech Co.,Ltd)ကောင်းမှု | ၅၀၀၀၀၀ |
| ၂၆၉။ | ဒေါ်တင်မာလာနှင့်မိသားစု(ABC International Co.,Ltd)ကောင်းမှု | ၅၀၀၀၀၀ |
| ၂၇၀။ | ဦးဖြိုးဝေဇော်နှင့်မိသားစု (Advamed Medical Innovation Co.,Ltd)ကောင်းမှု | ၅၀၀၀၀၀ |
| ၂၇၁။ | ဒေါ်မာမာတင်နှင့်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၂၇၂။ | ဦးဇေယျာထွန်းနှင့်မိသားစု(A to Z Co.,Ltd)ကောင်းမှု | ၃၀၀၀၀၀ |
| ၂၇၃။ | ဒေါ်သီတာနှင့်မိသားစု (Name Media & Advertising Co.,Ltd)ကောင်းမှု | ၃၀၀၀၀၀ |
| ၂၇၄။ | ဦးနေမျိုးအောင်နှင့်မိသားစု(Synpex Shwe Co.,Ltd)ကောင်းမှု | ၃၀၀၀၀၀ |
| ၂၇၅။ | ဦးဝင်းနိုင်၊ ဦးရဲခေါင်မိသားစု(Genuine Force Co.,Ltd) ကောင်းမှု | ၃၀၀၀၀၀ |
| ၂၇၆။ | ဦးမျိုးမင်းဦးနှင့်မိသားစု(Kappa Power International Co.,Ltd)ကောင်းမှု | ၃၀၀၀၀၀ |
| ၂၇၇။ | ဦးသိန်းနိုင်စိုးနှင့်မိသားစု(Aether Co.,Ltd)ကောင်းမှု | ၃၀၀၀၀၀ |
| ၂၇၈။ | ပြည်တွင်းဘုရားဖူးနှင့်ခရီးသွားဝန်ဆောင်မှုအသင်းကောင်းမှု | ၂၀၀၀၀၀ |
| ၂၇၉။ | ဦးမျိုးမင်းလွင်နှင့်မိသားစု(Royal SMT Co.,Ltd) ကောင်းမှု | ၁၀၀၀၀၀ |
| ၂၈၀။ | ဦးပိုင်လင်းစိုးနှင့်မိသားစု(Bosi Co.,Ltd)ကောင်းမှု | ၁၀၀၀၀၀ |
| ၂၈၁။ | ဒေါ်ခင်မြတ်သူနှင့်မောင်နှမများကောင်းမှု | ၁၀၀၀၀၀ |
| ၂၈၂။ | ဦးခင်မောင်မြင့်နှင့်ဇနီး ဒေါ်သန္တာသတိုးနွယ်ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** — **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည်** — **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆**


စာအုပ်
စာပေ
လှူမိတ်ဆွေ


### ပတ်(စ်)ပို့ပျောက်ဆုံး

ကျွန်တော် ဦးသန်းထိုက်ဇော် [၁၂/ဗဟန(နိုင်)၁၀၁၁၅၈]၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၀၈၄၃၂၈၈**

### ပြင်ဆင်ဖတ်ရှုပါရန်

၃၁-၇-၂၀၂၃ ရက် ကြေးမုံ သတင်းစာ ကြော်ငြာစာမျက်နှာ (၃၀)ပါ တရားလွှတ်တော်ရှေ့နေ ဦးမောင်မောင်ချစ် (စလင်း) ကြော်ငြာတွင် ဝေဘာဂီလမ်းမကြီးဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

